ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (8-5-2006) (၄၉၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကနီမြို့နယ် ချောင်းမ ကြက်ဆူစံပြကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပင် မျိုးဥယျာဉ်ကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုးအားပေး

ရန်ကုန် မေ ၇

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မေ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အတူ တိုင်းစစ်ဌာနချုပ်အတွင်း တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အတူ နံနက် ၈ နာရီခွဲတွင် မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်း မိုင်တိုင်အမှတ်(၂၂/၀)မှ(၃၀/၁) အကြားရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူ အထူးဇုန်စိုက်ကွင်းဧက ၂၄၀၀ ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တို့၏ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အောက်ခြေဝန်ထမ်းအဆင့်ဆင့်အထိ ရှင်းပြပြီး ဒေသဖွံ့ဖြိုးရေး ယခင်ထက် ပို၍ကြိုးပမ်း ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုး၊ နမ္မတူနှင့် မန်တုံဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ လားရှိုးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့များမှအရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းက လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမ၌ လားရှိုးတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင် စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈–၅–၂၀၀၆
(တနင်္လာနေ့)

ပြည်သူများအား နွေးထွေးပျူငှာစွာ ဆက်ဆံကူညီ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

၂၀၀၆ ခုနှစ် မေလ ၈ ရက်နေ့(ယနေ့)သည် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်သည်။ ကြက်ခြေနီလုပ်ငန်းများ၏ ရှေ့ဆောင် ပုဂ္ဂိုလ်ဖြစ်သည့် ဟင်နရီဒူးနန့်အား ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ လူမှုကရုဏာ အဖွဲ့အစည်းများဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့များ၊ အမျိုးသားကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီလှုပ်ရှားမှုများကို ကမ္ဘာ့လူသားအားလုံးက အမှတ်တရဖြစ်စေရေးအတွက် လည်းကောင်း ဟင်နရီဒူးနန့်၏ မွေးနေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ကာ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့မှစတင်၍ ကမ္ဘာအနှံ့ ကျင်းပခဲ့သည်။

ယခုအခါ ကမ္ဘာတစ်ဝန်း အမျိုးသားကြက်ခြေနီအသင်းပေါင်း ၁၈၃ သင်းရှိကာ ကြက်ခြေနီစေတနာလုပ်အားရှင် ၉၇ သန်းကျော်တို့၏ စွမ်းဆောင်ရည်ဖြင့် ကမ္ဘာပေါ်ရှိ လူမှုဒုက္ခကြုံတွေ့ခဲ့ရသူ သန်း ၂၂၀ ကျော်တို့အား ဘေးဒုက္ခများမှ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီ ဖြစ်သည်။

အမျိုးသားကြက်ခြေနီအသင်းများသည် သက်ဆိုင်ရာ နိုင်ငံများ အလိုက် နိုင်ငံ၏ အရန်အင်အားအဖြစ် ပါဝင်လျက်ရှိပြီး သာမန် အချိန်များတွင် ဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်း အစီအစဉ်များ အပါအဝင် လူမှုကရုဏာလုပ်ငန်းအမျိုးမျိုး၌ ပါဝင်ဆောင်ရွက်လျက်ရှိနေသည်။

အမျိုးသားကြက်ခြေနီအသင်းများအနေဖြင့် စစ်မက်ဖြစ်ပွားချိန် များ၌ စစ်ဘေးစစ်ဒဏ်ခံရသော အရပ်သားများအား အကူအညီ ပေးကြသည့်အပြင် စစ်ဘက်ဆိုင်ရာ ဆေးတပ်များ၏ ကယ်ဆယ်ရေး လုပ်ငန်းများတွင်လည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယကြက်ခြေနီအသင်းခွဲအဖြစ် စတင်ပေါ်ထွန်းခဲ့ပြီး ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြား ရပ်တည်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် ဂျီနီဗာ အများသဘောတူညီချက်များကို ၁၉၉၂ ခုနှစ် ဩဂုတ်လ ၂၅ ရက် နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

ပြည်သူများ၏ သားသမီးများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး အခြားသော အမျိုးသားရေးအင်အားစုများနည်းတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းက လူမှုကရုဏာ မျိုးဆက်သစ် စေတနာလုပ်အားရှင် ကြက်ခြေနီအဖွဲ့ဝင်များအား အရည်အသွေးပြည့်ဝ သော ကြက်ခြေနီမောင်မယ်များ ဖြစ်လာစေရန် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်း များကို စွမ်းစွမ်းတမံ ထူးချွန်ထက်မြက်စွာ သယ်ပိုးစွမ်းဆောင်နိုင်သူများ ကိုလည်း နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှင့်ဂုဏ်ပြုလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အားပေး ချီးမြှောက်မှုများနှင့်အတူ ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းများကို သယ်ပိုးထမ်းဆောင်လျက်ရှိသည်။ အထူးသဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ဘေးဒုက္ခ ကျရောက်သူများအား ကူညီရေးလုပ်ငန်းများတွင် ကြက်ခြေနီ အသင်းဝင်များက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြသည်။

သို့ဖြစ်ရာ စေတနာလုပ်အားရှင် ကြက်ခြေနီမောင်မယ်များအနေဖြင့် နိုင်ငံကအားထားရသော လူငယ်လူရွယ်များ ဖြစ်ကြသည်နှင့်အညီ ပြည်သူများအား နွေးထွေးပျူငှာစွာ ဆက်ဆံကူညီရင်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ တွင် စေတနာ မေတ္တာအပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်သာယာမြို့နယ် လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရယူသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက လေဘေးသင့်အိမ်ထောင်စု များအား ကူညီထောက်ပံ့ပေးလျက် ရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လေဘေးသင့် အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားပြီး ထောက်ပံ့ ငွေနှင့် ပစ္စည်းများ လှူဒါန်းကြသည့် အလှူရှင်များနှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လေဘေးသင့် အိမ်ထောင်စုဝင်များအတွက် မြန်မာ နိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ် ၁၁၅သိန်း တန်ဖိုးရှိ ထောက်ပံ့ပစ္စည်း များ၊ World Visionမှ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၁၇၅သိန်း၊ ရွှေပြည်သာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အပိုင်း(၂/၃/၄)နှင့် လှိုင်သာယာမြို့နယ် အတွင်းရှိ ဆီလုပ်ငန်းရှင်များက ငွေကျပ် ငါးသိန်းစီ၊ ရွှေပြည်သာ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ အပိုင်း(၁)နှင့် ဒေါ်ထားထားမြင့်မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးကျော်ရွှေ (လှိုင်ရတနာ ထွန်း) အိမ်ခြံမြေ ရောင်းဝယ်ရေးက ငွေကျပ် တစ်သိန်းနှင့် လှိုင်သာယာ မြို့နယ် အမှတ်(၁၂)ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း စုစုပေါင်း ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၃၀၇၅၀၀၀၀ ကို တိုင်းမှူးထံ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်သာယာမြို့နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့ များနှင့် စေတနာရှင် ပြည်သူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ငွေ ၁၈၄၉၆၆၄၅ ကျပ်နှင့် ငွေကျပ် ၄၅၀၉၅၇၅၀ တန်ဖိုးရှိ ထောက်ပံ့ ပစ္စည်းများကို လက်ခံရရှိ ထားပြီး ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းထံ လှိုင် သာယာမြို့နယ်မှ လေဘေးသင့် အိမ်ထောင်စုများအတွက် မြန်မာ နိုင်ငံကြက်ခြေနီအသင်းက ငွေကျပ် ၁၁၅ သိန်း တန်ဖိုးရှိ ထောက်ပံ့ ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

CANON မိတ္တူကူးစက်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၇

Accel International Co., Ltd. နှင့် Canon (Singapore) Pte., Ltd.တို့က တင်သွင်းသော Canonအမျိုးအစား ဒစ်ဂျစ်တယ် မိတ္တူကူးစက် မော်ဒယ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Accel International Co., Ltd. မှ Managing Director Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား ပြီး Canon (Singapore) Pte., Ltd. မှ President and Chief Executive Officer Mr. Kevin Ogawa က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် Accel International Co., Ltd. မှ အရောင်း မန်နေဂျာ ဒေါ်နော်မာနေထူး **(ယာပုံ)** က ယခု မိတ်ဆက်တင်သွင်းသော Canon Digital Copier မော်ဒယ်အသစ်များ နှင့် ပတ်သက်၍ ဗီဒီယိုနှင့် ဆလိုက် ကားချပ်များဖြင့် ရှင်းလင်းပြောကြား သည်။

Accel International Co., Ltd. မှ တင်သွင်းသော Canon Digital Copierအမျိုးမျိုးတို့ကို အမှတ် ၄၂၂– ၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက် အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၂၀၂၀၉၂–၉၆ သို့ မေးမြန်းစုံစမ်း၍ ဆက်သွယ်ဝယ်ယူ နိုင်သည်။ Canon အရောင်းပြခန်း များကို ရန်ကုန်မြို့တွင် အမှတ်(၇–၈) အောင်ဆန်းကွင်း တောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း ၂၄၃၀၃၆–၃၈၊ မန္တလေးမြို့တွင် အမှတ် ၆ SY အဆောက်အအုံ ၇၈ လမ်း ဘူတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း ၀၂–၃၆၀၁၄၊ ၃၉၈၅၇နှင့် ပျဉ်းမနား မြို့တွင် အမှတ် ၆/၄၄–၆/၄၅ ဆောက်လုပ်ရေးဝင်း ရန်ကုန်–မန္တလေး အဝေးပြေးလမ်း ဖုန်း ၀၆၇– ၂၂၃၄၇၊ ၂၂၈၀၁ ၌ ဖွင့်လှစ်ထားရှိရာ လာရောက် လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်ကန်အေးသာသနာ့ရိပ်သာ ဗုဒ္ဓသာသနာပြုသင်တန်းဖွင့်မည်

ရန်ကုန် မေ ၇

မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာတွင် နှစ်စဉ် ဖွင့်လှစ် လျက်ရှိသော ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းကို တက္ကသိုလ်ဝါရင့် အငြိမ်း စား ဆရာကြီးများက အင်္ဂလိပ်ဘာသာ နှင့် စကားများကို ကုသိုလ်ဖြစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။

သ၊ စ၊ အ ဓမ္မာစရိယ တစ်ခုခု အောင်မြင်သော ရဟန်းတော်များ သိက္ခာတော်(၁၅)ဝါရပြီး ကမ္မဋ္ဌာနာ စရိယ၊ ဓမ္မကထိက၊ မူလစာချ ရဟန်း တော်များ သင်တန်းတက်ရောက်ရန် မေ ၃၁ ရက် နောက်ဆုံးထား၍ အဆိုပါ သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ဣန္ဒကထံ လျှောက်ထားနိုင် သည်။

သင်တန်းကို ဇွန် ၁ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းများကိုလည်း အဆိုပါနေ့တွင် စတင်သင်ကြားမည် ဖြစ်ရာ သင်တန်းသားများ စာရင်းသွင်း ကြရန် ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေး သာသနာ့ရိပ်သာ အမှတ်(၆) အင်းစိန် လမ်းမကြီး အင်းစိန် ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက် ပြုပြင်မှု လုပ်ငန်းအတွက် ဧပြီ ၂၉ ရက်က (ဦးပွန်နား)၊ ဒေါ်ကျင်ကြီး၊ (ဦးရောင်ကျင်)၊ဒေါ်ရှုလျှောင်တို့အား အမှူးထား၍ မော်လမြိုင် ဈေးချို တောင်ပိုင်းရပ်၊ ခြံအမှတ် ၁၄နေ ဦးအောင်ဌေး၊ ဒေါ်နွယ်နီဝင်းမိသားစု က ငွေကျပ် ခုနစ်သိန်း ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာ ရေးမှူးဦးခင်မောင်ဝင်း လက်ခံရယူ စဉ်။

(၃၀၇)

နှစ် (၁၀၀)ပြည့် ဝိုင်အမ်ဘီအေ

ရီရီမြင့် (သတင်းစဉ်)

"ဗုဒ္ဓဘာသာ၊ အစရယ်ဖြာ၊ ကလျာယုဝ၊ ညွန့်ဖူးသဏ္ဌာန်၊ ကွန့်မြူးငယ်လျှံ၊ မည်နာမံလှသနှင့်၊ လကဆုန်ဝယ်၊ မိတ်ဆွေပေါင်းစု၊ သပြေပြုတဲ့၊ ရွှေရတုသဘင်၊ ကျော်ခြိမ့်သဲမျှ၊ အောင်ပွဲကိုဆင်ခဲ့၊ ဝန်းကျင်ဒီသာ၊ ဆယ်မျက်နှာမှာ၊ ဖြပ္ပွာနတ်လူ၊ အောင်ခွန်းသံဆူ တော့တယ်၊ ကျွန်းဇမ္ဗူတောင်ဒီပါမှာ၊ နောင်ရှည်ကြာဆက် မော်ကွန်းရယ်၊ ထွန်းလိမ့်မယ်ထင့်"

ကျိုက်လတ်ဆရာချစ်က ဝိုင်အမ်ဘီအေ အသင်းကြီးကို ဂုဏ်ပြုရေးသားခဲ့သော ကဗျာဖြစ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)အသင်းကြီးကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အသင်းကြီး၏ သက်တမ်းမှာနှစ်ပေါင်း (၁၀၀)ပြည့်တော့မည် ဖြစ်ပေသည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် **"လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေ"**က ဆိုသည်သာမက မြန်မာနိုင်ငံ လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်လည်း ဖြစ်ပေသည်။ အင်္ဂလိပ်–မြန်မာတတိယစစ်ပွဲအပြီး သီပေါဘုရင် ပါတော်မူပြီးနောက် နယ်ချဲ့တို့သည် အနယ်နယ်အရပ်ရပ်၌ ဆင်းတုတော်၊ စေတီတော်များ၊ သံဃာတော်များနှင့် တိုင်းရင်းသားပြည်သူများအပေါ် ဘာသာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ဖိနှိပ်မှုများကို လူမဆန်စွာ လုပ်ဆောင်ခဲ့ကြသဖြင့် မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် ခေတ်ပညာတတ် ရန်ကုန်ကောလိပ်ကျောင်းသားကြီးများဖြစ်ကြသော ကိုဘဖေ၊ ကိုမောင်ကြီး၊ ဒေါက်တာ ဘရင်တို့က အချင်းချင်းတိုင်ပင်ကြကာ ဗြိတိသျှအစိုးရက "မြန်မာနိုင်ငံတွင် မည်သည့်နိုင်ငံရေး အဖွဲ့အစည်းမျှ မဖွဲ့စည်းမတည်ထောင်ရ"ဟု တင်းကျပ်စွာ တားမြစ်ထားသည့် ကြားကပင် ဝိုင်အမ်ဘီအေအသင်းခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့ တွင် စွန့်စွန့်စားစား တည်ထောင်ခဲ့ကြသည်။

ဗြိတိသျှတို့၏ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်းတွင် မြန်မာလူမျိုးတို့ မေ့ပျောက်၍ မရနိုင်သော မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် ဝိုင်အမ်ဘီအေအသင်းကြီးသည် ယခုတိုင်မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးကို အရှိန်အဟုန်မြင့်စွာ ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ပွားများလာစေရန်မှာ အသင်းကြီး၏ ရည်ရွယ်ချက်ဖြစ်သည်။ အသင်းကြီး၏ ရည်ရွယ်ချက်အတိုင်း **"အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကို အားပေးပါ"**ဟူသော ကြွေးကြော်သံများဖြင့် ပြည်သူများ နိုးကြားလာစေရန် အမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေး၊ ပညာရေးများကို အခါအခွင့်သင့်တိုင်း လှုံ့ဆော်၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းနောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့ကြသော အစည်းအရုံးများနှင့်အသင်းအဖွဲ့များ အားလုံးလိုလိုပင် ဝိုင်အမ်ဘီအေအသင်းကြီးက ဆင်းသက်လာကြခြင်း ဖြစ်ပေသည်။

ဝိုင်အမ်ဘီအေအသင်းကြီးက ဦးစားပေး ဆောင်ရွက်နေသော လုပ်ငန်းကြီး နှစ်ရပ်ရှိပေသည်။ ပထမဦးစားပေးလုပ်ငန်းမှာ စစ်ပြီးခေတ်တွင် အကျင့်စာရိတ္တ လျော့ရဲလာသော မြန်မာကျောင်းသား လူငယ်များအား ယဉ်ကျေးသိမ်မွေ့ပြီး ဒုစရိုက်မှုများမှ ရှောင်ကြဉ်တတ်စေရန် မြတ်ဗုဒ္ဓဟောကြားခဲ့သော (၃၈)ဖြာ မင်္ဂလာတရားတော်များကို ဘုန်းတော်ကြီးကျောင်းများ၊ မူလ တန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင် သင်ကြားပို့ချစေခဲ့ခြင်းနှင့် နှစ်စဉ်မြန်မာပြည်တစ်ဝန်းလုံး၌ စာမေးပွဲများ ကျင်းပပေးပြီး ဆုနှင်းသဘင်များ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယဦးစားပေးဆောင်ရွက်ခဲ့သော လုပ်ငန်းမှာ အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းပင် ဖြစ်ပါသည်။ အဘိဓမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် မြန်မာအများစုတို့သည် မြတ်ဗုဒ္ဓ၏ မှန်မြတ်သော တရားတော်ကို အနှစ်သာရရှိရှိ သိရှိနားလည်စေရန်အတွက် ဖြစ်ပေသည်။

ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်၍ အဘိဓမ္မာသင်တန်းများအပြင် စာရေးဆရာကြီးများ၏ စာပေဟောပြောပွဲများ၊ မြန်မာနိုင်ငံရှိ UNICEFနှင့်ပူးပေါင်း၍ မိခင်နှင့်ကလေး ကျန်းမာရေးပညာပေး "ဘဝတွက်တာသိမှတ်စရာ"သင်တန်းများ၊ UNDCPနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးသင်တန်းများ၊ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်ကြီးများ၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် ဘာသာ၊ သာသနာနှင့်လူမှုရေးကိစ္စများကို ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အခြားဘာသာရေး အသင်းအဖွဲ့များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးကောင်းသားများအတွက် စိတ်ဓာတ်နှင့် စာရိတ္တမြင့်တင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ကျန်းမာဖွံ့ဖြိုးရေးနှင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပေသည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ ရည်ရွယ်ချက်များမှာ–

- **မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး အစဉ်တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရန်၊**
- **ဗုဒ္ဓဘာသာစာပေ ပရိယတ္တိကို နိုင်ငံနှင့်အဝန်း တိုးတက်ထွန်းကားအောင် ကြိုးပမ်းရန်၊**
- **ဗုဒ္ဓဘာသာတရားတော်များကို နည်းလမ်းတကျ လေ့လာကာ သင်ကြားအားထုတ် ဆည်းပူးခြင်းဖြင့် တိုးတက်ခိုင်မာအောင် ဆောင်ရွက်ရန်၊**
- **ဗုဒ္ဓဘာသာအချင်းချင်း ရိုင်းပင်းကူညီလျက် ညီညွတ်စွာ ဆက်ဆံပေါင်းသင်းကာ ဘာသာရေးစိတ်ဓာတ်များ မြင့်မားလာအောင် လုပ်ဆောင်ရန်၊**
- **အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာရေးဆိုင်ရာ အကျိုးစီးပွားများ ထွန်းကားလာအောင် အားကြိုးမာန်တက် ဆောင်ရွက်ရန်၊**
- **အသင်းသားများနှင့် ဗုဒ္ဓဘာသာဝင် လူငယ်ထု၏ ကာယ၊ ဉာဏ၊ စာရိတ္တအပြင် မိတ္တဗလများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန်၊**
- **အသင်းဝင်အပေါင်းတို့အနေဖြင့် တစ်ဦးကိုတစ်ဦး မေတ္တာရှေ့ထား၍ ချစ်ခင်လေးစားကာ ကြည်ညိုအားထားမှုများ ဖြစ်ပွားလာအောင် ဆောင်ရွက်ရန်** တို့ဖြစ်ပေသည်။

ထို့ကြောင့် သမိုင်းဝင် ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုး၊ ဘာသာ၊ သာသနာချစ်စိတ်နှင့် ဗလငါးတန်၊ မဏ္ဍိုင်ငါးရပ် ဖွံ့ဖြိုးရေးကိုသာမက နိုင်ငံနှင့်လူမျိုးအတွက် **"ယဉ်ကျေးမှုအမွေ"** အထွေထွေကိုပါ ပေးအပ်ခဲ့သော အသင်းကြီးဖြစ်ပေသည်။

ထို့အပြင် ဝိုင်အမ်ဘီအေအသင်းကြီးသည် ဘိုးဘွားအမွေအနှစ်များ ပျောက်ဆုံးမသွားအောင် သူ့ခေတ် သူ့အခါနှင့် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ အသင်းကြီး၏ ကျေးဇူးကြောင့် လွတ်လပ်ရေးရခဲ့သည်။ ဗုဒ္ဓသာသနာလည်း အဓွန့်ရှည်တည်တံ့ခဲ့သည်။ ယခုခေတ် မျိုးဆက်သစ်လူငယ်များကိုလည်း အမျိုး၊ ဘာသာ၊ သာသနာကို ယုံကြည်ကိုးကွယ်လာနိုင်အောင်၊ ယဉ်ကျေးမှုစာပေများကို လေ့လာလိုက်စားနိုင်အောင်လည်း လမ်းညွှန်ဆောင်ရွက်ခဲ့ပေသည်။

ယခုအခါ ဝိုင်အမ်ဘီအေအသင်းကြီးသည် ဗုဒ္ဓသာသနာပြုလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကို အခြားအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း မှန်မြတ်လှသော ယင်းလုပ်ငန်းများတွင် ပါဝင်ကာ အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ရင်း ဝိုင်အမ်ဘီအေအသင်းက ပေးအပ်ခဲ့သော ယဉ်ကျေးမှုအမွေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက် နိုင်ငံနှင့်လူမျိုးဂုဏ်ကို အစဉ်သယ်ပိုးဆောင်ရွက်လျက်ရှိပါကြောင်း နှစ် (၁၀၀)ပြည့် ဝိုင်အမ်ဘီအေအသင်းကြီးအား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် လက်တွေ့ကွင်းဆင်းအဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ ၂၀၀၅–၂၀၀၆ ခုနှစ် နွေရာသီ လက်တွေ့ကွင်းဆင်းဆောင်ရွက်မည့် တတိယနှစ် ကျောင်းသား ကျောင်းသူများအား သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် ခန်းမဆောင်တွင် မေ ၄ရက်က တွေ့ဆုံအမှာစကားပြောကြားသည်။ တွေ့ဆုံပွဲသို့ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးသိန်းထွန်း၊ ဒုတိယကျောင်းအုပ်ကြီး ဦးစောလွင်၊ ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ **(အောက်ပုံ)** (၅၂၇)

မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင်မပေါ့နှင့်

မိုးကုတ်ဝိပဿနာ သင်တန်းပို့ချမည်

ရန်ကုန် မေ ၇

ပခုက္ကူအသင်း (ရန်ကုန်) စတုတ္ထအကြိမ် မိုးကုတ်ဝိပဿနာ သင်တန်းကို မေ ၁၀ရက်မှ ၁၄ရက်အထိ အာဇာနည်ဗိမာန်လမ်းရှိ အသင်းဓမ္မာရုံ၌ ဆရာကြီးဦးစိန်ဝ (ဓမ္မကထိက) က သင်တန်းပို့ချမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင် ကြားနိုင်သည်ဟု သိရသည်။ (၂၃)

ပေးအပ်လှူဒါန်း

ဦးမင်းအောင်အား ရည်စူး၍ ရန်ကုန်မြို့၊ ဖ–ဆ–ပ–လ၊ တိုက်ဟောင်း(၂)၊ အခန်း (၁၄)နေ ဇနီး ဒေါ်တင်တင်ပြုံး၊ သား–ကိုခင်မောင်ဦး၊ ကိုဇော်အောင်၊ သမီး–မမိုးမိုးအောင်၊ မြေး–ဖြိုးသုနန္ဒာအောင်၊ ကြည်နူးပြုံးမင်းအောင်တို့က ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်တစ်သိန်းကို အနု နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ–နီ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်းစိန်မြို့နယ် အင်းစိန်ဈေးကြီးနှင့် လဟာပြင်ဈေးတို့မှ အလှူရှင်များ လစဉ် စုပေါင်းလှူဒါန်းသည့် ဖေဖော်ဝါရီလအတွက် ငွေကျပ် နှစ်သိန်းကို အင်းစိန်မြို့နယ် ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ အလှူရှင်များက လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးမြသင်း လက်ခံရယူစဉ်။ (ကြေးမုံ)

ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့မှ အင်ဒိုနီးရှားနုတ်ထွက်မည်မဟုတ်ဟုဆို

ဂျကာတာ မေ ၆

နိုင်ငံတကာ ရေနံရောင်းဝယ်မှုတွင် လိုငွေပြနေလင့်ကစား အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့(အိုပက်)၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်မဟုတ်ကြောင်း အင်ဒိုနီးရှားထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

မိမိနှင့် နိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ဝီရာဂျူဒါတို့က အိုပက် အဖွဲ့ဝင်အဖြစ်မှ အင်ဒိုနီးရှား နုတ်ထွက်ခြင်းမပြုရန် သဘောတူညီခဲ့ကြောင်း စွမ်းအင်ဝန်ကြီး ယူစဂျီယန်တိုရိုကို ကိုးကား၍ ဒီတစ်ကွမ်ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေနံထုတ်လုပ်သည့် အထင်ကရနိုင်ငံတစ်နိုင်ငံ မဟုတ်တော့သဖြင့် အိုပက်သို့နှစ်စဉ်ကြေး ပေးနေရမှု သက်သာစေရန်အတွက် အိုပက်မှ နုတ်ထွက်ရန် အင်ဒိုနီးရှားအစိုးရအပေါ် တောင်းဆိုမှုများ မြင့်မားလာနေပြီဖြစ်သည်။

အင်ဒိုနီးရှား၏ နေ့စဉ်ရေနံထုတ်လုပ်မှု ပမာဏသည် ဘတ်ဂျက်ခန့်မှန်းခြေအရ စည် ၁ဒသမ ၈ သန်းမှ စည် ၉၉၅၀၀၀ အထိ ကျဆင်းနေခဲ့ပြီဖြစ်သည်။၂၀၀၅ခုနှစ်အတွင်း ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍမှ ရရှိငွေသည် ရူပီး ၁၀၃ဒသမ ၇ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ သုည၉ ဘီလီယံ) ရှိပြီး ခန့်မှန်းချက်အောက် ၂၅ဒသမ၂ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရာမာဒီမြို့တွင် ကန်က လေကြောင်းမှတိုက်ခိုက် ငါးဦးထက်မနည်း သေဆုံး

ရာမာဒီ(အီရတ်) မေ ၆

အမေရိကန်တပ်ဖွဲ့က ရာမာဒီမြို့ရှိ အိမ်တစ်အိမ်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် လူငါးဦးထက်မနည်း ကြာသပတေးနေ့က သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားကြသည်။

ရာမာဒီရှိ အိမ်တစ်အိမ်ကို လေကြောင်းမှ တိုက်ခိုက်မှုသတင်း မသိရှိရသေးဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။ သို့ရာတွင် ရရှိထားသည့်သတင်းများကို စစ်ဆေးလျက်နေကြောင်း ထပ်မံပြောကြားသည်။

ယင်း တိုက်ခိုက်မှုကြောင့် လူ၁၃ ဦး သေဆုံးသွားခဲ့ကြောင်း ရဲဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ လူငါးဦးသေဆုံးပြီး လူ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရာမာဒီမြို့သည် ဆွန်နီအာရပ် ပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်ပြီး ရှီးယိုက်ဦးဆောင်သောအီရတ်အစိုးရ ဖြုတ်ချရေးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ မောင်းထုတ်နိုင်ရေးအတွက် ဗုံးခွဲတိုက်ခိုက်သည့် လုပ်ငန်းများကို ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



စင်ကာပူနိုင်ငံတွင် မကြာမီက တည်ဆောက်ပြီးစီးသွားသော ကမ်းလွန်ရေနံတူးစင်တစ်ခုကို မေ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကင်ဆာနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကြောင့် ၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ သေဆုံးသူများပြား

ပေကျင်း မေ ၆

၂၀၀၅ခုနှစ်တွင် တရုတ်နိုင်ငံမြို့များတွင် ကင်ဆာရောဂါသည် အသေအပျောက်အများဆုံး ရောဂါဖြစ်ပြီး ကျေးလက်ဒေသတွင် အသက်ရှုကျပ်သည့်ရောဂါကြောင့် သေဆုံးသူများကြောင်း ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ကင်ဆာ၊ ဦးနှောက်သွေးကြောနှင့် နှလုံးရောဂါ အပါအဝင် အသက်အန္တရာယ် ဆုံးရှုံးစေသော ရောဂါ ၁၀ မျိုးရှိကြောင်း၊ တရုတ်နိုင်ငံမြို့များတွင် ထိုရောဂါများကြောင့်သေဆုံးသူ ၉၂ ရာခိုင် နှုန်းရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ မြို့၃၀နှင့် ခရိုင် ၇၈ခုတို့တွင် စစ်တမ်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက်အန္တရာယ် ဆုံးရှုံးစေသော ရောဂါ ၁၀ မျိုးတွင် မြို့နေပြည်သူများ ကင်ဆာရောဂါကြောင့် သေဆုံးသူသည် ထိပ်ဆုံးနေရာတွင်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၂ဒသမ ၉ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားသည်။

ကျေးလက်ဒေသတွင် အဆိုပါ ရောဂါ ၁၀မျိုးကြောင့် သေဆုံးသူ ၉၁ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါ ရောဂါများတွင် အသက်ရှုကျပ်ခြင်း၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါနှင့် ကင်ဆာရောဂါကြောင့် သေဆုံးသူများကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကြောင့် သေဆုံးသူဦးရေသည် ၂၃ဒသမ ၅ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှ စတင်၍ ကင်ဆာရောဂါဖြစ်ပွားသူဦးရေ ပိုမိုများပြားလာခဲ့သည်။ ကင်ဆာရောဂါဖြစ်ပွားသူများအနက် အဆုတ်၊အသည်းနှင့် အစာအိမ်ကင်ဆာကြောင့် သေဆုံးသူသည် ၈၀ရာခိုင်နှုန်းရှိကြောင်း ယခင်က ကျန်းမာရေးမှတ်တမ်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကက်ရှ်မီးယားတွင် ပေါက်ကွဲမှုဖြစ်ပွား လူနှစ်ဦးသေဆုံး

နယူးဒေလီ မေ ၆

စစ်သွေးကြွများက နယ်စပ်လုံခြုံရေး တပ်ဖွဲ့(ဘီအက်စ်အက်ဖ်)၏ မြေကတုတ်ကျင်းကို အင်အားပြင်းထန်သည့် လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ခဲ့သဖြင့် အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယား ဒေသတွင် လူနှစ်ဦးသေဆုံးသွားခဲ့ပြီး လူကိုးဦးထိ ခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

အိန္ဒိယထိန်းချုပ်သည့်ကက်ရှ်မီးယားဒေသ၏မြို့တော် ဆရီနဂါးမှကီလိုမီတာ ၃၀အကွာရှိဘတ်ဂမ်ခရိုင် ချာဒူရာဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဘီအက်စ်အက်ဖ်တပ်ဖွဲ့ဝင်သုံးဦးအပါအဝင် လူ ၁၁ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူများကို ဆရီနဂါးမြို့သို့ ဆေးကုသရန် ခေါ်ဆောင်သွားရာ နှစ်ဦးသေဆုံးခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် မြို့ခံလူထု ကြောက်ရွံ့ကြပြီး ဘေးကင်းရာ ရှောင်ပုန်းကြကာ လမ်းပန်းဆက်သွယ် ပြတ်တောက်ခဲ့ရသည်။

ထိခိုက်ဒဏ်ရာရသူများကို ချာဒူးရာ ဆေးရုံသို့ တင်ပို့ရာ အရပ်သားလေးဦးနှင့် ဘီအက်စ်အက်ဖ် တပ်ဖွဲ့ဝင်တစ်ဦး အခြေအနေဆိုးရွားသဖြင့် ဆရီနဂါး ဆေးရုံသို့တင်ပို့ရမည်ဟုဆရာဝန်များက ပြောကြားပြီး အရပ်သားနှစ်ဦး ဒဏ်ရာဖြင့် လမ်းတွင် သေဆုံးသည်ဟု အိန္ဒိယ အာရှသတင်းဌာနက ပြောကြားသည်။
အမ်အင်အေ၊ဆင်ဟွာ။

အာမေးနီးယားမှ အဲဘတ်စ် အေ-၃၂၀ လေယာဉ် နှစ်ရက်အတွင်း ဒုတိယအကြိမ် ဆုံးရှုံးမှုဖြစ်ပွား

ယီရီဗန် မေ ၆

အာမေးနီးယား လေကြောင်းကုမ္ပဏီတစ်ခုဖြစ်သည့် အာမေဗီးယားလေကြောင်းပိုင် အဲဘတ်စ်-အေ၃၂၀ လေယာဉ်တစ်စင်း သောကြာနေ့က မီးလောင်ပျက်စီးခဲ့သည်။ ယင်းလေယာဉ်သည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်နေစဉ် ဘယ်လ်ဂျီယံနိုင်ငံ၌ ညဘက်တွင် မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း အာမေးနီးယန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့က ပြောကြားသည်။ ပင်လယ်နက်ဒေသရှိ ဆိုချီမြို့တွင် ဗုဒ္ဓဟူးနေ့က ယင်းလေကြောင်းဌာနပိုင် အဲဘတ်စ် အေ-၃၂၀ လေယာဉ် ပျက်ကျခဲ့ပြီးနောက် နှစ်ရက်အတွင်း ဒုတိယအကြိမ် ဂျက်လေယာဉ်ဆုံးရှုံးရခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ကို ၁၉၉၆ ခုနှစ်က တည်ဆောက်ထားခဲ့ပြီး ဆာဆီနာလုပ်ငန်းဌာနက ပြင်ဆင်မွမ်းမံနေစဉ် မီးလောင်ခြင်းဖြစ်သည်ဟု အာမေးနီးယန်း လေကြောင်းပျံသန်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဒေ့ဗ်ဟန်က ပြောကြားသည်။အဆိုပါ လေယာဉ်သည် အရန်ထားသည့် လေယာဉ်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ မီးလောင်ခြင်းဖြင့် မိမိတို့၏ လေယာဉ်ခရီးစဉ်အားလုံး ထိခိုက်သွားမည်မဟုတ်ကြောင်း၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးပေးသွားမည်ဖြစ်ကြောင်း အာမေဗီးယားသတင်း ထုတ်ပြန်ရေး အတွင်းရေးမှူး ဗီလ်ယန်က ပြောကြားသည်။ ရုရှားရုပ်မြင်သံကြား အစီအစဉ်တစ်ခုတွင် အဆိုပါ လေယာဉ်ကိုယ်ထည် မီးတငွေ့ငွေ့လောင်ကျွမ်းနေပုံနှင့် အာမေးနီးယားနိုင်ငံ၏ အမှတ်တံဆိပ်များပါရှိသည့် အင်ဂျင်စက်၏ ရုပ်ပုံတို့ကို ပြသသွားသည်။
အမ်အင်အေ၊ရိုက်တာ။



လန်ဒန်မြို့လယ်ရှိ လဟာပြင် ဇာတ်ရုံတွင် ပရိသတ်များအား ဖျော်ဖြေတင်ဆက်နေသည့် စက်ရုပ်ဆင်ကြီးကို မေ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ မေ ၄ရက်က ကျင်းပသည့် လူငယ်များနေ့ အခမ်းအနားတွင် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအသွင်ဖြင့် ချီတက်လာသူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိကကမ်းလွန်တွင် သင်္ဘောတစ်စင်းနစ်မြုပ် သင်္ဘောသား ၂၆ ဦး ပျောက်ဆုံးလျက်ရှိ

ဂျိုဟန်နက်စ်ဘတ် မေ ၆

တောင်အာဖရိက အရှေ့ဘက်ကမ်းလွန်တွင် သတ္တုရိုင်းများ တင်ဆောင်လာသော သင်္ဘောနစ်မြုပ်မှုကြောင့် သင်္ဘောသား ၂၆ ဦး ပျောက်ဆုံးလျက်ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့က လေပြင်းမုန်တိုင်းကြားတွင် ရှာဖွေရေးလုပ်ငန်းများကို အားကြိုးမာန်တက်လုပ်ဆောင်ခဲ့ကြသည်။

ဂရိနိုင်ငံပိုင် အလက်ဇန်ဒါး ဒရိုတီ သင်္ဘောပေါ်တွင် သင်္ဘောသား ၃၃ ဦး လိုက်ပါလာကြသည်။ အဆိုပါ သင်္ဘောသည် နစ်မြုပ်သွားပြီးနောက် လေပြင်းမုန်တိုင်းကြားကပင် သင်္ဘောသား ခြောက်ဦးကိုမေ၃ရက်ညတွင်ကယ်ဆယ်ခဲ့ကြောင်း ကယ်ဆယ်ရေး ဝန်ထမ်းများက ပြောကြားသည်။ ထိုသင်္ဘော နစ်မြုပ်ရာ ကမ်းလွန်တွင် လူခုနစ်ဦးကို မေ ၄ ရက်တွင် တောင်အာဖရိက တပ်ဖွဲ့လေယာဉ်က တွေ့မြင်ခဲ့ပြီး ထိုနေရာသို့ သင်္ဘောဖြင့် သွားရောက်ခဲ့ကြသည်။
အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ရှန်ကျင့်မြို့၌ ခေတ်မီပင်လယ်ကူးသင်္ဘောကြီးတစ်စင်း လွှန်းတင်ထားသည်ကို မေ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲစတင်ချိန်မှ ယခုနှစ် မေ ၆ရက်အထိ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၄၁၈ ဦးရှိ

ဝါရှင်တန် မေ ၆

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်၌ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ် မေ ၆ရက်အထိ ၂၄၁၈ဦးထက်မနည်းရှိကြောင်း အေပီသတင်းဌာနက ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်တွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေအနက် ၁၉၀၁ ဦးထက်မနည်းမှာ ခုခံတိုက်ခိုက်ရေး သမားများ၏ လက်ချက်ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါ လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။

အေပီသတင်းဌာနက ဖော်ပြသော အီရတ်တွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင် အရေအတွက်သည် အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် အရေအတွက်ထက် သုံးဦး ပိုမိုများပြားသည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့၏ အပေါင်းပါ အခြားတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၄ ဦး၊ အီတလီတပ်ဖွဲ့ဝင် ၃၀၊ ယူကရိန်း တပ်ဖွဲ့ဝင် ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘယ်လ်ဂျီယံ ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယားနှင့် ဒိန်းမတ် သုံးဦးစီ၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့် ထိုင်း နှစ်ဦးစီ၊ ဩစတြေးလျ၊ဟန်ဂေရီ၊ ကာဇက်စတန်၊ လတ်ဗီးယားနှင့်ရိုမေးနီးယား တစ်ဦးစီ အသီးသီးဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်နှင့် ကုလသမဂ္ဂတို့၏ ဖိအားပေးမှုကြောင့် နျူအစီအစဉ်ကို စွန့်လွှတ်မည်မဟုတ်ဟု အီရန်ပြောကြား

တီဟီရန် မေ ၆

အမေရိကန်၏ ဖိအားပေးမှုအရလည်းကောင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရလည်းကောင်း အီရန်နိုင်ငံက နျူကလီးယားလောင်စာထုတ်လုပ်ရေး အစီအစဉ်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဩဇာတိက္ကမရှိသည့် ဘာသာရေး ခေါင်းဆောင်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံနှင့် ထိပ်တိုက်တွေ့ရမည့် လမ်းကို ရွေးချယ်သည့် နိုင်ငံသည် ယင်းလုပ်ရပ်အတွက် အစဉ်ထာဝရ ယူကျုံးမရ ဖြစ်နေမည်ဟု အာမက် ခါတာမီက တီဟီရန်မြို့ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည် အမေရိကန်၏ထောက်ခံမှုဖြင့် အီရန် နျူကလီးယားလောင်စာ ဖော်ဆောင်မှုအစီအစဉ် ရပ်ဆိုင်းရေးအတွက် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂက ချမှတ်ရန် မူကြမ်းရေးဆွဲနေသည်။ အီရန်က လျှပ်စစ်ဓာတ်အား ထုတ်ယူရေးအတွက် မဟုတ်ဘဲ လက်နက်ထုတ်လုပ်ရန် ရည်ရွယ်ထားသည်ဟု ယင်းနိုင်ငံများက စိုးရိမ်မကင်းဖြစ်နေကြသည်။ အီရန်က ယင်းစွပ်စွဲချက်ကို မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

အီရန်နိုင်ငံသည် အနိုင်ကျင့်သည့် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ နောက်ဆုတ်သွားမည့် နိုင်ငံမဟုတ်သည်ကို အမေရိကန်နှင့် လုံခြုံရေးကောင်စီတို့က ယုံကြည်နိုင်သည်ဟု ခါတာမီက ဆက်လက်ပြောကြားသည်။

အီရန်သည် အရှေ့အလယ်ပိုင်း ဒေသတွင် မဟာဗျူဟာအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အီရန်နိုင်ငံ လုံခြုံမှုမရှိခြင်းသည် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်မှုပျက်ပြားခြင်းပင်ဖြစ်ကြောင်း စသည်ဖြင့် ၎င်းက နိုင်ငံပိုင် ရေဒီယိုတွင် ကြေညာသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကန်နှင့်ချုပ်ဆိုသော ကုန်သွယ်ရေးသဘောတူညီချက် ကိုရီးယားလယ်သမားတို့ အကျိုးဆုတ်ယုတ်နိုင်

ဆိုးလ် မေ ၆

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည် စက်မှုလုပ်ငန်းများအတွက် အားသာချက်ဖြစ်နေသော်လည်းတောင်သူလယ်သမားများအတွက် အကျိုး ဆုတ်ယုတ်မှုဖြစ်စေနိုင်သည်ဟု ရှုမြင်လျက်ရှိကြသည်။

တောင်ကိုရီးယားနိုင်ငံရှိ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ၊ အငယ်တန်းနှင့် အလတ်စားကုမ္ပဏီများသည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားတည်ရှိရာ အမေရိကန်နှင့် ပေါင်းစည်းယှက်နွှယ်လုပ်ကိုင်ခြင်းဖြင့် အကျိုးကျေးဇူးရရှိလာနိုင်သည်။

ယုတ်လျော့

သို့ရာတွင် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများကို အစိုးရက ကာကွယ် စောင့်ရှောက်ပေးနိုင်တော့မည်မဟုတ်ပေ။ ဤသို့ဆိုလျှင် ကိုရီးယားလယ်သမားတို့မှာ ဈေးကွက်အတွင်း ပိုမို ယှဉ်ပြိုင်လုပ်ကိုင်လာရတော့မည်ဖြစ်ပြီး ယခင်ကကဲ့သို့ စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုများ ယုတ်လျော့သွားနိုင်သည်။

နှစ်သက်လိုလား

တောင်ကိုရီးယား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်နစ်နာနိုင်မှုများကို ထည့်တွက်ခဲ့ခြင်းမရှိပါက အမေရိကန်နှင့် တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို အများပြည်သူက နှစ်သက်လိုလားကြပေမည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) ပြီးဆုံးခဲ့ချိန်မှစ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အစိုးရက အားပေးခဲ့သည်။ ၁၉၆၀ ပြည့်လွန်ကာလများအထိ နိုင်ငံ၏ လုပ်သားအင်အား စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သူများဖြစ်ကြသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ကုန်စည်ပြပွဲတွင် ပြသထားသည့် တာတာအုပ်စုက ထုတ်လုပ်သော မော်တော်ကားတစ်စီးကို မေ ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် တိဘက်ရှိရေခဲမြစ်များ အရည်ပျော်

လာဆာ မေ ၆

ကမ္ဘာကြီးပိုမိုပူနွေးလာခြင်းကြောင့် တိဘက်ဒေသရှိ ရေခဲမြစ်များ အရည်ပျော်ဆင်းမှု ပိုမိုများပြားလျက်ရှိကြောင်း၊ တိဘက်ရေခဲမြစ်များ အရည်ပျော်ဆင်းသည့်နှုန်းသည် မျှော်လင့်ခဲ့သည်ထက် ပိုမိုမြန်ဆန်နေကာ တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းရှိကြောင်း၊ ရေခဲမြစ်များ အရည်ပျော်ဆင်းမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ရပြီး၊ မိုးခေါင်ခြင်း၊ သဲကန္တာရနယ်မြေများ ပိုမိုကျယ်ပြန့်လာခြင်း သဲမုန်တိုင်းများတိုက်ခိုက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း မေ ၅ ရက် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားသော မိုးလေဝသစခန်းပေါင်း ၆၈၁ခုမှ ရရှိသည့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံကာ လွန်ခဲ့သည့် ၁၀စုနှစ် လေးစုတာကာလတွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသနှင့် ဇလဗေဒ အခြေအနေများကို ဖော်ထုတ်တင်ပြထားသည်။

တိဘက်ဒေသရှိ ရေခဲမြစ်များအရည်ပျော်မှုအခြေအနေကို လေ့လာခဲ့ကြသူများမှာ ပေကျင်းသိပ္ပံအကယ်ဒမီမှ ပါမောက္ခ တန်ငွေရောင်းနှင့် ကျွမ်းကျင်သူပညာရှင်များဖြစ်ကြသည်။ ရာသီဥတုပြောင်းလဲလာခြင်းသည် သဘာဝဘေးအန္တရာယ်များ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လာစေနိုင်ကြောင်း သတိပေးလိုက်သည်။

ကမ္ဘာ့အမိုးဟူ၍ တင်စားခေါ်ဝေါ်ခဲ့သော တိဘက်ကုန်းမြင့်ဒေသသည် တရုတ်နိုင်ငံ၏ ရေခဲမြစ် ဖုံးလွှမ်းမှုစုစုပေါင်း၏ ၄၇ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ တရုတ်နိုင်ငံအနောက်ပိုင်း ကျင်ဟိုင်းဒေသတွင် ရေခဲမြစ်များ ကျုံ့လာသည့်နှုန်းမှာ တစ်နှစ်လျှင် ခုနစ်ရာခိုင်နှုန်းရှိကြောင်း ပါမောက္ခ တန်က ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကျင်ဟိုင်း-တိဘက်ဒေသတွင် သဲကန္တာရနယ်မြေများ ပိုမိုကျယ်ပြန့်လာရကြောင်း အမျိုးသားမိုးလေဝသဗျူရိုမှ ကျွမ်းကျင်သူပညာရှင်တစ်ဦးက ပြောကြားသည်။

တိဘက်ဒေသ၏ ပျမ်းမျှအပူချိန်မှာ ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ သုညဒသမ ၉ စင်တီဂရိတ် မြင့်တက်လာကြောင်း၊ အပူချိန်မြင့်တက်မှုများနှင့်အတူ ရေခဲမြစ်များ ပိုမိုကျုံ့ဝင်သွားကြောင်း တိဘက် မိုးလေဝသဗျူရိုမှ စာရင်းအင်းကိန်းဂဏန်းများတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံရှိ တာတာအုပ်စု ဘင်္ဂလားဒေ့ရှ်တွင် ရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံရှိ ထိပ်တန်းစက်မှုလုပ်ငန်းကုမ္ပဏီပေါင်းစုံ အဖွဲ့အစည်းဖြစ်သော တာတာအုပ်စုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖက်စပ်ကုမ္ပဏီတစ်ခု ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၆ရက်တွင် ပြောကြားသည်။ တာတာအုပ်စုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် ငွေကြေးပမာဏကိုလည်း မြှင့်တင်လိုက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆောင်ရွက်မည့် စက်မှုစီမံကိန်း ဖက်စပ်လုပ်ငန်းအတွက် ကနဦးအနေဖြင့် ဒေါ်လာ ၂ဒသမ ၆ဘီလီယံ သုံးစွဲရန် လျာထားခဲ့ရာမှ ဒေါ်လာ ၃ ဘီလီယံအထိ မြှင့်တင်ရန် တာတာအုပ်စုက ဘင်္ဂလားဒေ့ရှ်အစိုးရဖွဲ့ထံ အဆိုပြုလိုက်သည်။ တာတာအုပ်စု၏ ဖက်စပ်လုပ်ငန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၁၀ရာခိုင်နှုန်း ရှယ်ယာထည့်ဝင်နိုင်မည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုပ်ငန်းစတင်သည့်နေ့မှစ၍ အများပြည်သူလူထုသို့ ရှယ်ယာများရောင်းချပေးသွားမည်ဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူမြို့လယ်ရှိ စီဒီနှင့်ဗွီစီဒီဓာတ်ပြားရောင်းချသော ဆိုင်တစ်ဆိုင်ကို မေ ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

ပဲခူးတိုင်း(အနောက်) သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် (၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို မေ ၁၁ရက်(ကဆုန်လပြည့်) နံနက် ၅နာရီခွဲတွင် ပင့်သံဃာတော် ၅၄ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး နံနက် ၇နာရီခွဲတွင် (၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာကို ကျင်းပ၍ နံနက် ၉နာရီတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ဂုဏပူဇာသဘင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ကြည်ညိုနိုင်

သို့ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုနိုင်ရန် ဖြစ်မြောက်ရေးကော်မတီအဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ဒုတိယအဆင့်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပထမအဆင့်ပြီးစီးသွားသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန် မေ ၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)၏ ဒုတိယအဆင့်အနေဖြင့် ရန်ကုန်မြို့တော်နေ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းကြည်လင်သော သောက်သုံးရေတစ်နေ့လျှင် ဂါလန် ၄၅ သန်း ထပ်မံတိုးချဲ့ဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၇နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ရောက်ရှိလာရာ အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက ရေပေးဝေရေးစီမံကိန်း ဒုတိယအဆင့် ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယအဆင့် ရေပေးဝေရေးစီမံကိန်းအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် စီမံကိန်းလုပ်ငန်းများအတွက် တာဝန်ရှိသူများအား ယခင်အတွေ့အကြုံများအပေါ် မူတည်ပြီး တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရေး၊ လိုအပ်သောပစ္စည်းများကို ကြိုတင်စုဆောင်းရေး မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ပထမအဆင့် ရန်ကုန်မြို့တော်သို့ နေ့စဉ် တစ်နေ့ရေဂါလန် ၄၅ သန်း ပေးဝေနေသည့် လုပ်ငန်းများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (၁၉)

မေ ၆ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့ အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mrs. Ruth Schatz က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်သတင်း

ဂြိုဟ်တုအာမခံလုပ်ငန်းများ အာရှတွင် ပိုမိုစည်ပင်လာမည်

နယူးဒေလီ မေ ၇

အာရှနိုင်ငံများတွင် ဂြိုဟ်တုအသုံးပြုမှုများ ပိုမိုများပြားလာသည်နှင့်အမျှ ဂြိုဟ်တုများအတွက် အာမခံထားရှိသည့် လုပ်ငန်းများမှာ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း စပေ့စ်ကို (Space Co.) အမည်ရှိ ဂြိုဟ်တုအာမခံလုပ်ငန်း တာဝန်ရှိသူတစ်ဦးက မေ ၆ရက်တွင် ပြောကြားသည်။

ဂြိုဟ်တုလွှတ်တင်ရာတွင် လည်းကောင်း၊ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တုရွေ့လျားစဉ်တွင်လည်းကောင်း ပျက်ကျသည့် ဖြစ်ရပ်များ ရှိနိုင်ပြီး ဂြိုဟ်တုပိုင်ရှင်များနှင့် ဂြိုဟ်တုဝန်ဆောင်လုပ်ငန်း လုပ်ကိုင်သူများသည် ဂြိုဟ်တုဆိုင်ရာ မတော်တဆ ဖြစ်ရပ်များကြောင့် ဘဏ္ဍာရေးအရ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရခြင်းမှ ရှောင်ရှားနိုင်စေရန် ဂြိုဟ်တုများကို အာမခံထားသည့်စနစ်များ ခေတ်စားလာသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဂြိုဟ်တုအာမခံလုပ်ငန်း ဈေးကွက်၏ လုပ်ငန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၈၅၀ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ဧကန်အားဖြင့်မူ ဂြိုဟ်တုအာမခံလုပ်ငန်းဈေးကွက်မှာ ဖော်ပြပါငွေကြေးပမာဏထက် ပိုမိုကြီးမားလျက်ရှိသည်။ ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် နိုင်ငံတကာ အာကာသ အကျိုးဆောင်များကုမ္ပဏီသည် လာမည့် သုံးနှစ်တာကာလအတွင်း ဂြိုဟ်တုအာမခံလုပ်ငန်းမှ ပရီမီယံဝင်ငွေ တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀၀မှ ဒေါ်လာ သန်း၃၀၀အထိ ရရှိမည်ဟု မျှော်လင့်ထားသည်။

ဂြိုဟ်တုအာမခံလုပ်ငန်းကုမ္ပဏီများသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ဈေးကွက်ချဲ့ထွင်ရန် ဦးတည်လာလျက်ရှိသည်။အထူးသဖြင့် ဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းတိုးတက်လာသည့် အိန္ဒိယနိုင်ငံ၏ ဈေးကွက်ကို ထိုးဖောက်နိုင်ရန် ယင်းကုမ္ပဏီများ ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၆ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ အာရှနှင့် ပစိဖိတ်ဒေသတွင် လွှတ်တင်သည့် ဂြိုဟ်တုလေးလုံးလျှင် တစ်လုံးမှာ အာမခံထားရှိသော ဂြိုဟ်တုများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း စပေ့စ်ကို ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ပရဲအဲရစ်လစ်က ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် ဂြိုဟ်တုလွှတ်တင်ရေးကိစ္စများ ခေတ်စားလာသည်။

အိန္ဒိယနိုင်ငံသည် ဂြိုဟ်တုများကို ထုတ်လုပ်ခြင်းနှင့် ဂြိုဟ်တု တစ်စိတ်တစ်ဒေသကို ထုတ်လုပ်သည့်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာသည်။ ယခုနှစ်အတွင်း ဂြိုဟ်တုအလုံးပေါင်း ၂၀၆လုံး လွှတ်တင်ရန် စီစဉ်ထားသည့်အနက် ဂြိုဟ်တုအလုံး ၅၀ကျော်မှာ ဧပြီလတစ်လတည်းအတွင်း လွှတ်တင်ခြင်းဖြစ်သည်။ ဆက်သွယ်ရေးလုပ်ငန်း၊ ရာသီဥတုကြိုတင်ခန့်မှန်းရေးလုပ်ငန်း၊ အင်တာနက် ဝန်ဆောင်လုပ်ငန်း၊ မြေပုံထုတ်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း စသည့် လုပ်ငန်းနယ်ပယ်များတွင် ဂြိုဟ်တုကို အသုံးပြုမှု ပိုမိုများပြားလာသည်နှင့်အမျှ ဂြိုဟ်တုလွှတ်တင်မှု ပိုမိုများပြားလာမည်ဖြစ်သည်။ ဂြိုဟ်တုအာမခံလုပ်ငန်းများလည်း ဈေးကွက်ပိုမိုကြီးမားလာမည်ဖြစ်ကြောင်း ဂြိုဟ်တုဆက်သွယ်ရေး အတိုင်ပင်ခံ ကုမ္ပဏီဖြစ်သည့် မိုက္ကရို ကွမ်စစ္စတန် (Microcom Systems)က ပြောကြားသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ စမစ်ဆိုးနီးယန်းသိပ္ပံ အမျိုးသားလေကြောင်းနှင့် အာကာသပြတိုက်တွင် ဂြိုဟ်တုတစ်လုံးကို ပြသထားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တောင်သမန် သစ္စာဇာတ်ကားသစ် မကြာမီရုံတင် ပြသမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မေ ၇

မေ ၈ ရက် (တနင်္လာနေ့)တွင် မြို့လယ်၊ မြို့ပတ်ရုပ်ရှင်ရုံများတွင် ပြသဆဲရုပ်ရှင် ဇာတ်ကားများ ဆက်လက်ပြသလျက်ရှိရာ မြန်မာရုပ်ရှင် ဇာတ်ကားများအနက် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက်ပြသနေသည်။

ကျော်ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်းရေးသားပြီး ဒါရိုက်တာဒေါန ရိုက်ကူးသည့် **“ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ”** ဇာတ်ကားမှာ မတူညီသော အဆင့်အတန်းကြောင့် ချစ်လျက်နှင့် မပေါင်းဖက်ခဲ့ရသော ချစ်သူနှစ်ဦး၏ဖြစ်ရပ်ကို ရိုက်ကူးထားသည့်မေတ္တာဘွဲ့ဇာတ်ကား တစ်ကားဖြစ်သည်။ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

တောင်သမန်သစ္စာ

ထို့အပြင် မြန်မာရုပ်ရှင် ဇာတ်ကားသစ် တစ်ကားဖြစ်သည့် **“တောင်သမန်သစ္စာ”** ဆေးရောင်စုံဇာတ်ကားမှာ မကြာမီရုံတင်ပြသမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ အကယ်ဒမီ မောင်နန္ဒကရိုက်ကူးထားခြင်းဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ပြသဆဲ နိုင်ငံခြားရုပ်ရှင်များ ဆက်လက်ပြသလျက်ရှိရာ မင်္ဂလာရုံတွင် ဒါရိုက်တာ Peter Jackson ရိုက်ကူးသည့် လူငယ်ကြိုက် King Kong (ကင်းကောင်)ဇာတ်ကား၊ ရွှေဆောင်ရုံတွင် ဒါရိုက်တာ Bruce Hunt ရိုက်ကူးသည့် သိပ္ပံပညာအသားပေး The Cave ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီးသရုပ်ဆောင်ဂျက်ကီချန်း ပါဝင်သည့် The Myth ဇာတ်ကားများ ဆက်လက်ပြသနေသည်။(ကြေးမုံ)

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှ အကယ်ဒမီရန်အောင်နှင့် သက်မွန်မြင့်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်အတိုင်း အား(၄)အားဖြင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီခွဲတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်ချက်များကို မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁၂နာရီခွဲတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဥ့်ကူးမြို့နယ်၊ တကောင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့မှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက ပြန်ကြားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ရေရှည်တည်တံ့ရေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၃နာရီခွဲတွင် ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များမှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး ဝန်ကြီးက ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများနှင့် ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ခြိုးခြံချွေတာ

ယင်းသို့ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကြီးအကဲလူကြီးများ၏ စေတနာနှင့် နိုင်ငံတော်၏ ကျေးဇူးကို သိရှိနားလည်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆသုံးဆတိုးပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ အသုံးနှင့်အဖြုန်းခွဲခြားပြီး ခြိုးခြံချွေတာ သုံးစွဲကြရန်လိုကြောင်း၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဟူသော မြန်မာဆိုရိုးစကားနှင့်အညီ ဝန်ထမ်းများအားလုံး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိ မိသားစုအတွက် စားသောက်စရိတ် ကုန်ကျမှုသက်သာပြီး စုဆောင်းမိမှာဖြစ်ကြောင်း။

တက်ညီလက်ညီ

တစ်ဖက်မှလည်း နိုင်ငံ၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အားဖြည့်ပေးသလို ဖြစ်မှာဖြစ်ကြောင်း၊ ယင်းသဘောတရားများကို မိမိတို့ကိုယ်တိုင် ကျင့်သုံးရုံမက၊ ပြည်သူအားလုံးကပါ ထိုကဲ့သို့ တက်ညီလက်ညီ ဆောင်ရွက်လာအောင် မိမိတို့၏ မီဒီယာနည်းလမ်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ သတင်းစာရှင်းလင်းပွဲ သတင်းထုတ်ပြန်ချက်များ၊ နေ့စဉ် သတင်းစာပါ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းများကို အမြဲမပြတ်လေ့လာပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး အခြေအနေအရပ်ရပ်ကို အမြဲသိရှိနေအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့သိရှိနေရုံဖြင့် မလုံလောက်ဘဲ ပြည်သူတစ်ရပ်လုံးကနားလည် သိရှိအောင်မိမိတို့၏ မီဒီယာနည်းများဖြင့် ဆက်လက် ဆောင်ရွက်ပြီး ပြည်သူ့စွမ်းအားဖြင့် ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်၊ မြေအောက် အဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တားဆီးချေမှုန်းနိုင်အောင်၊ နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ် (၅)ရပ်အတိုင်း အား(၄)အားဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဥ့်ကူးမြို့နယ်၊ တကောင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့မှ ပြန်ကြားရေး ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၅–၂၀၀၆ (တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ခိုင်ခံ့ပေါ့ပါးကြွေရည်သုတ်သံသပိတ်များ
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ပြည်သူ့အတွက် ကျန်းမာရေး(ခါးနာရောဂါအကြောင်း မေးမြန်းခန်း)
၇:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၇:၄၀ တေးဂီတအစီအစဉ်
၇:၄၅ Management Talk [မျိုးမြတ်သူ၊ဦးအေးကျော်(MHR)
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၈:၄၀ ပြည်တွင်းသတင်းအကျဉ်း
၈:၅၀ ဖြူးချောင်းတံတား
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ Star Album (မိုးဒီ၊ဆုပန်ထွာ၊ပပဝင်းခင်၊စုမေ)
၉:၄၅ မိုးလေဝသခန့်မှန်းချက်
၉:၅၀ မြန်မာ့လက်မှု ယွန်းအနုပညာ
၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅ ဓလေ့ရိုးရာရှမ်းရွာလေးများ
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (ဝက်သားတုတ်ထိုး)
၁၀:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မေ ၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် (၅)ရပ်ကွက် စေတနာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၏ နှစ်ပတ်လည်အခမ်းအနားဖွင့်ပွဲကို စေတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဆန်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြသောင်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကြည်အောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ပြန်/ဆက်)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့ ကိုင်းကုန်းကျောင်း ဆရာတော်ပူဇော်ပွဲ

ရန်ကုန် မေ ၇

၂၀၀၆ခုနှစ် မတ် ၁၃ရက်၌ ကမ္ဘာအေးကုန်မြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တသောဘိတမထေရ်မြတ်အား ၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်၊ မေ ၁၄ရက် (တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၌ တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပါဝင်ပူဇော်နိုင်ကြစေရန် တပည့်အပေါင်းတို့အား ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက နှိုးဆော်ထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ ကျောက်တစ်လုံး ရေကူရေလှောင်းတမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၀ ၆။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
၅:၂၅ ၇။ မြန်မာစာမြန်မာစကား
၅:၃၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၄၅ ၉။ **"ဆွေမျိုးတော်ပေမယ့်" ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ) (ဒါရိုက်တာ–သက်တင်)**
၅:၅၀ ၁၀။ ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၆:၄၅ ၁၄။ တေးဂီတအစီအစဉ်
၇:၀၀ ၁၅။ တိုးတက်သာယာ ထိန်တော စံပြကျေးရွာ
၇:၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း–၉)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း–၁၁)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

❖ နိုင်ငံတော်မှ

စုပေါင်းကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ စုပေါင်းကြက်ဆူစိုက်ပျိုးပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စိုက်ပျိုးကြီးကြပ်မှုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုင်တိုင်(၂၅)ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စစ်ကိုင်းတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ကလည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများကို တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး စိုးလွင်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စစ်ကိုင်းတိုင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ဧရိယာဧက ငါးသိန်းကို ၂၀၀၆ ခုနှစ်တွင် ဧက ၁၇၅၀၀၀၊ ၂၀၀၇ ခုနှစ်တွင် ဧက ၁၇၅၀၀၀၊ ၂၀၀၈ ခုနှစ်တွင် ဧက ၁၅၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ သတ်မှတ်စိုက်ဧက ပြည့်မီကျော်လွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ခြံစည်းရိုးကြက်ဆူ အထူးဇုန်စိုက်ကွင်း ဧက ၂၄၀၀ရှိ ရှုရပ်မျှော်စင်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူ အထူးဇုန်စိုက်ကွင်းဧက ၂၄၀၀၌ အသုံးပြုမည့် ဆေးဖျန်းပုံး၊ ကိုင်းဖြတ်ကတ်ကြေး၊ အရွက်ဖျန်းအားဆေးများ၊ ပေါ်မုန်းဆေးများ၊ မှိုရောဂါသတ်ဆေးများ၊ ပိုးသတ်ဆေးများ စသည့် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

မုံရွာစက်မှုဇုန်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်း၊ ဌာနဆိုင်ရာများနှင့် မုံရွာစက်မှုဇုန်တို့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများသို့ရောက်ရှိပြီး ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အထူးဇုန်စိုက်ကွင်းသည် မုံရွာ-ယာကြီး-ကလေးဝလမ်း အလောင်းတော် ကဿပလမ်းဆုံအနီး၌ရှိပြီး မြေလွတ်မြေရိုင်းဧက ၆၅၀၀၀ ကျော်ခန့် ကြက်ဆူစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် ဧက ၂၄၀၀ တစ်ဆက်တစ်စပ်တည်း စတင်စိုက်ပျိုးခြင်းဖြစ်ပြီး ဆက်လက်၍ ယခုနှစ်တွင် ဧက ၁၅၀၀၀ထိ တိုးချဲ့သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များ အနေဖြင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်သော မြေနေရာဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၁၈/၀)အနီး၌ ကျင်းပသည့် ကနီမြို့နယ် ချောင်းမကြက်ဆူစံပြကျေးရွာ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့တက်ရောက်ကြရာ ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးစိုးအောင်က ခြံစည်းရိုးကြက်ဆူစံပြကျေးရွာအဖြစ် စိုက်ပျိုးမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာအတွက် လိုအပ်မည့် စက်သုံးဆီလိုအပ်ချက်များကို တွက်ချက်၍ စိုက်ပျိုးရန်နှင့်လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ချောင်းမကြက်ဆူစံပြကျေးရွာမှ ဒေသခံပြည်သူများ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ချောင်းမကြက်ဆူစံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ အတွင်းနှင့် ချောင်းမကြက်ဆူစံပြ ပျိုးဥယျာဉ်ကိုလှည့်လည်ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ပျိုးဥယျာဉ်၌ ခြံစည်းရိုး ကြက်ဆူမျိုးကိုင်း ပျိုးပင် ၂၀၀၀နှင့် မျိုးစေ့ပျိုးပင် ၄၈၀၀၀တို့ကို ပျိုးထောင် ထားရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ်(၁၂/၃)အနီးရှိ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ခင်းသို့ရောက်ရှိကြပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၀နှင့် မုံရွာခရိုင်ရဲတပ်ဖွဲ့ ဧက ၁၀၀စိုက်ပျိုး သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေး ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာလေဆိပ်အနီးရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင် မျိုးသန့်ထုတ်လုပ်ရေးစိုက်ခင်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် ရှုရပ်မျှော်စင်ပေါ်မှ ကြက်ဆူပင်မျိုးသန့်ထုတ်လုပ်ရန် စိုက်ပျိုးထားသောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မျိုးသန့် ထုတ်လုပ်ရေးစိုက်ခင်းတွင် ကြက်ဆူပင် ၇၁၃၀ကို စိုက်ပျိုးထားရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မွန်းလွဲပိုင်းတွင် မုံရွာတပ်နယ်မှ ဖေယျာသီရိ ခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာရှိ၊ စစ်သည်မိသားစုဝင် များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

☆ ဌာနဆိုင်ရာများမှ

များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော် အစိုးရလက်ထက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ မှာကြားကာ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မန်တုံမြို့မှ ဆရာ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဝတ်စုံများ ပေးအပ်စဉ်။ (သတင်းစဉ်)

မျိုးသန့်သီးညှပ်စိုက်ခင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် မျိုးသန့်သုတေသန သီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး သီးထပ်သီးနှံများဖြစ်သော နာနတ်၊ လိုင်ချီး၊ ခြံစည်းရိုးကြက်ဆူနှင့် ပျားလိမ္မော်ပင်များကို ရှုရပ်မျှော်စင်မှ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် သုတေသန ကြက်ဆူပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၁၂၀၀၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျိုးဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ပျိုးဥယျာဉ် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေ အတွင်း စိုက်ပျိုးမည့် ခြံစည်းရိုး ကြက်ဆူပင်ကို (၃)နှစ်အတွင်း ဧက ငါးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ အကောင် အထည်ဖော် ဆောင်ရွက်ထားရှိမှု များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က တပ်ရင်း တပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားရှိမှု အခြေ အနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက် တိုင်း စစ်ဌာနချုပ် ခြံစည်းရိုး ကြက်ဆူ ပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်တို့က တပ်နယ် တပ်ရင်း တပ်ဖွဲ့မှူးများ၊ မိသားစုဝင်များသို့ ခြံစည်းရိုးကြက်ဆူပင်များ ဝေငှပေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တို့သည် စိုက်ကွက်အလိုက် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူဆီဖြင့် ကျေးလက် မီးလင်းရေးအစီအမံများ၊ နှစ်လုံးပြိုင် မီးဖို၊ မီးအိမ်တို့ဖြင့် သရုပ်ပြသမှုများ နှင့် စိုက်ခင်းအတွင်း လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်တွင် ကြက်ဆူပင် ပျိုးပင်ပေါင်း တစ်သိန်း စိုက်ပျိုး ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေ အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်းစိုက်ပျိုးသွားမည်ဖြစ်ရာ ဧက ၃၀၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်းနှင့် ခြံစည်းရိုးကြက်ဆူကိုင်း ပျိုးပင်ပေါင်း၃၄၆၂၃၈၉၊ မျိုးစေ့ပျိုးပင် ၂၉၀၈၆၀၀နှင့် မျိုးစေ့ ၂၅၁၉ ဒသမ ၆၁ တင်း စုဆောင်းပြီး ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့် အဖွဲ့ဝင်များသည် လားရှိုး- နမ္မတူလမ်းအတိုင်း မော်တော်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းဝဲယာရှိ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှု အခြေအနေနှင့် လမ်း၊ တံတားအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့် အဖွဲ့ဝင်များသည် နမ္မတူမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံ တပ်ရင်းအောင်စစ်သည် ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစု ဝင်များအား တွေ့ဆုံကာ လိုအပ်သည် များ မှာကြားပြီး တပ်ရင်းမှ မိသားစု ဝင်များအား အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ် သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် နမ္မတူ-မန်တုံ လမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေး ဝဲယာ၌ သီးနှံများ စိုက်ပျိုးဖြစ်ထွန်း မှုနှင့် လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် မန်တုံမြို့နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မန်တုံမြို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ ရာ ရှေးဦးစွာ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ ရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မန်တုံမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဆွေက မန်တုံမြို့၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတီယာလ်အုပ် က ပညာရေးဆိုင်ရာ ဆောင်ရွက်ချက် များကိုလည်းကောင်း ရှင်းလင်းတင်ပြ ရာ ကျောက်မဲခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာ စကားပြောကြားရာတွင် မန်တုံဒေသ အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး နယ်မြေအေးချမ်း တည်ငြိမ်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများပါ တိုးတက်အောင်မြင်မှု များ တွေ့မြင်ရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ နှင့် လုပ်ငန်းစဉ်များကို စေတနာထား ၍ အောက်ခြေဝန်ထမ်းအဆင့်ဆင့်ထိ ရှင်းပြပြီး နယ်မြေဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းတာဝန်များကို ယခင်က ထက် ပိုမို၍ ကြိုးပမ်းထမ်းဆောင် သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် မိမိဌာနဆိုင်ရာ လုပ်ငန်းများ အပြင် မိမိရောက်ရှိရာ ဒေသတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများပါ လေ့လာကြပြီး ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာနှင့် ဒေသနှင့် ကိုက်ညီမည့် သီးနှံများ စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်မြင် ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းအား ဂုဏ်ပြု သစ်သီးခြင်းလက်ဆောင် ပေးအပ်ပြီး ဆရာ၊ ဆရာမများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိ သူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က ဒေသခံတိုင်းရင်းသား အဖွဲ့အား နိုင်ငံတော်မှ ဂုဏ်ပြု ထောက်ပံ့ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး မျိုးလှနှင့် ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းတို့က လက်ခံယူကြသည်။ ကျောက်မဲခရိုင် မန်တုံမြို့နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ် ၌ မိုးသီးနှံ ဧက ၂၂၆၀ စိုက်ပျိုး နိုင်ခဲ့ပြီး ဆောင်းသီးနှံအဖြစ် ၂၆၇၅ ဧက စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ ကြောင်း၊ ယခင်နှစ်က ဆင်းရွှေလီ အထွက်ကောင်းစပါး ဧက ၈၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဆင်းရွှေလီ Rမျိုး ၃၇၃ဧကနှင့် ဆင်းရွှေလီ(F)မျိုး ဧက ၁၀၀ စိုက်ပျိုးသွားရန် လျာထား ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စပါးတင်း ၆၅၈၁၀၈ တင်း ထွက်ရှိခဲ့ပြီး ဒေသဝမ်းစာ ဖူလုံမှုမှာ ၁၁၈ ဒသမ ၄၆ ရာခိုင်နှုန်းရှိကြောင်း။

မန်တုံမြို့နယ်၌ ခြံစည်းရိုး ကြက်ဆူပင် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၅၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ၇၉ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး မျိုးစေ့ ပျိုးပင် ၇၂၀၀၀၊ မျိုးကိုင်းပျိုးပင် ၃၃၀၀၀၊ မျိုးစေ့နှစ်တင်းနှင့် မျိုးကိုင်း ၂၀၀၀၀စုဆောင်းထားရှိပြီး ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

မန်တုံဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ မြို့နယ် ဆရာဝန် ဒေါက်တာချိုနိုင်နှင့် တာဝန် ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတွင်း ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးဝါး ပစ္စည်းသိုလှောင်ခန်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းမှာကြား ဖြည့်ဆည်းပေးပြီး ခွဲစိတ်ကုသခံ လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မန်တုံမြို့ အောင်မင်္ဂလာမြို့ လယ်ကျောင်းသို့ရောက်ရှိပြီး မြို့လယ် ကျောင်းဆရာတော် ဦးအဂ္ဂဥာဏနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး သာသနာ ရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မန်တုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မန်တုံမြို့ နယ်မြေခံတပ်ရင်း တိမ်ကြားမင်းခေါင်ခန်းမ၌ နယ်မြေခံ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဆက်လက်ထွက်ခွာသွားသည်။ (သတင်းစဉ်)

✻ ပါဠိတက္ကသိုလ်မှ

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကုန္ဒက အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘဏထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆောက်လုပ်ဆဲ အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏကိုယ်စား ဆရာတော်ကြီး၏ ကပ္ပိယကာရကဖြစ်သူ ပရိယတ္တိသာသနာ့ပါလအသင်းဥက္ကဋ္ဌ ဦးချစ်အေးက ငွေကျပ်ငါးသိန်း၊ လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း–သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီသားသမီးမြေးတစ်စု (ရွှေသံလွင်မိသားစု)က ငွေကျပ်သိန်း ၅၀၊ ဦးလှမောင် – ဒေါ်ခင်နှင်းဝေ (၉၉၉–မိသားစု) က ငွေကျပ် ၃၂သိန်း၊ ဦးကြည်ဝင်း–ဒေါ်ရီရီအေး မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးချစ်မွှေး–ဒေါ်မြင့်မြင့်ရီ (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) နှင့် ဦးကျော်မင်း–ဒေါ်မူမူထွေး မိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စာချနာယက ဆရာတော် သစအ ဓမ္မာစရိယ ဝိနယပါဠိပါရဂူပါဠိပထမကျော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

● ရွှေခါးပတ်ချန်ပီယံမှ

သားရွှေသွေး (တောင်ကလေး)နှင့် ရွှေဖလား (KLN) တို့ ယှဉ်ပြိုင်ကြသည်။ ရွှေဖလားက လက်သီးဖြင့် အားကုန်ထိုးသတ်သည်ကို သားရွှေသွေးက အချုပ်အသိုင်းများဖြင့် ရွှေဖလားကိုကိုင်ညှစ်ရင်း ကျော့ဒူး ဝိုက်ဒူးများသုံးသည်။ ကနဦးအချီများတွင် ရွှေဖလား၏လက်သီးက ထိရောက်သော်လည်း နောက်ပိုင်းတွင် သားရွှေသွေး၏ ဖျစ်ညှစ်ချုပ်တိုက်မှုများကြောင့် ရွှေဖလား ခံနိုင်ရည်အားနည်းလာသည်။ ၅–ချီအပြည့်တွင် အမှတ်ပေးဒိုင် ငါးဦးစလုံးက အနိုင်ပေးလိုက်သဖြင့် သားရွှေသွေးဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရသွားသည်။

ပွဲစဉ်(၁၀)အသဲစွဲ(ဘီလပ်မြေစက်ရုံ)နှင့် လက်သီးမောင်မောင်(မြားနက်)တို့ပွဲတွင် လက်သီးမောင်မောင်က လက်သီးမိုးရွာသော်လည်း အသဲစွဲက ဖြောင့်ဗလာဒူး၊ ကန့်လန့်ဒူး၊ ချုပ်ဒူးများဖြင့် ပူးတွဲတိုက်ခိုက်ရာ ဘီလပ်မြေ၏ မာကျောမှုကို မြားနက်မတိုးသာဘဲ လဲပြိုမှုများနေသဖြင့် ကြိုးဝိုင်းဒိုင်ဦးမြင့်ဝေက ဒိုင်ပွဲရပ်ဖြင့် ပထမအချီ ၂ မိနစ်တွင် အသဲစွဲအား အနိုင်ပေးလိုက်သည်။

ပွဲစဉ် (၁၁) ၆၀–ကီလို လိုက်ဝိတ်တန်းတွင် စောသဲမျိုး (KLN) နှင့် သမိန်ရာဇာ(မလှိုင်)တို့ယှဉ်ပြိုင်ကြရာ သမိန်ရာဇာက ဘယ်ညာလက်သီးတွဲများဖြင့် တိုက်စစ်ဆင်သည်ကို ရွှေခါးပတ်ချန်ပီယံဟောင်း စောသဲမျိုးက မခိုးမခန့်ဖြင့် လက်ဆန့်တားရင်း အမှားစောင့်ကာ တန်ပြန်တိုက်စစ်ဆင်သည်။ စောသဲမျိုးက လက်သီးဖြင့် ထိုးဝင်သလို တံတောင်ဖြင့် ပြန်ထွက်သည်။ ဒူးခုန်တိုက်သည့်အခါ တိုက်သည်။ သမိန်ရာဇာကလည်း စောသဲမျိုး၏ နာမည်နှင့်သမ္ဘာကို မရှိန်ဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ထိုးသတ်သော်လည်း ပါးနပ်လိမ္မာသော စောသဲမျိုး၏ နည်းဗျူဟာနှင့် သတ်လုံးသတ်ကွက်ကို မယှဉ်သာဘဲ တတိယအချီတွင် ဘယ်တည့်ဒူး အရိုက်ထိကာ ရှုံးနိမ့်သွားသည်။

ပွဲစဉ်(၁၂)ဟိန်းညီညီ(အလင်းရောင်)နှင့် စစ်အောင်(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြသောပွဲတွင် စစ်အောင်က မာဂုဏ်အားကိုးဖြင့် အတင်းထိုးဝင်တိုက်စစ်ဆင်သည်ကို ဟိန်းညီညီက ပါးနပ်စွာ ရှေ့လျားရင်း ထောက်ဖြောင့်လက်သီးများဖြင့် တုံ့ပြန်သည်။ ဟိန်းညီညီအား အလဲထိုးဖြင့် ပွဲသိမ်းရန်ကြိုးစားသော စစ်အောင်၏ ဘယ်ဖြောင့်လက်သီးအလွန်တွင် ဟိန်းညီညီက ညာတံတောင်ရိုက်လိုက်ရာ စစ်အောင်ဘယ်ဘက်နားနောက်တွင် ကွဲသွားသည်။ ဆရာဝန်၏ဆေးစစ်ချက်အရ ဒုတိယအချီ ၂ မိနစ် ၂၈စက္ကန့်၌ စစ်အောင်ဆေးရှုံးဖြင့် ကွာတားမှပင် ပြိုင်ပွဲကို နှုတ်ဆက်သွားရသည်။

ပွဲစဉ်(၁၃)တွင် နာမည်ကျော် ရွှေခါးပတ်ချန်ပီယံဟောင်း ဝင်းထွန်း၏ ရိုးရာလက်ဝှေ့ပညာ မာတိကာဖြင့်ပင် ရွှေနိုင်ထွန်း(မြွေဟောက်မင်း) သင်ခန်းစာရသွားသည့်အတွက် ပထမအချီ ၄၇ စက္ကန့်၌ ညာဖြတ်ခြေ နံကြားထိပြီး ပွဲပြီးသွားသည်။

မိုက်တိုင်စန်ရှုံး

ပွဲစဉ်(၁၄) (၆၃ဒသမ၅)ကီလို လိုက်ဝယ်လ်တာဝိတ်တန်းတွင် မိုက်တိုင်စန်(အလင်းရောင်)နှင့် စောဝီလျံသိန်း (မရမ်းကုန်း)တို့ ယှဉ်ပြိုင်ကြရာ မိုက်တိုင်စန်က ပထမပိုင်းတွင် အားသွန်ထိုးသတ်သည်။ ဝီလျံသိန်းကလည်း မိုက်တိုင်စန်၏ လက်သီးများကို ပန်းနှင့်ပေါက်သည်လားဟု ထင်ရအောင်ပင် ဝင်တိုးဖမ်းချုပ်ရင်း ဒေါက်ဖြတ်ရိုက်လှဲခြင်း၊ ဒူးတိုက်ခြင်းများကြောင့် မိုက်တိုင်စန် မဟန်တော့ဘဲ ပျော့ခွေလာသည်။ ငါးချီအပြည့်တွင် အမှတ်ပေးဒိုင်လေးဦးက ဝီလျံသိန်းအား အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၁၅)တွင် ကြယ်လင်းအောင် (တောင်ကလေး)နှင့် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြရာ စိုင်ပေါက်ကလေး တစ်ကောင်ပမာ သန်မာကြံ့ခိုင်သော ကြယ်လင်းအောင်၏ ခွန်အားနှင့် လက်သီး၊ တံတောင်များကို အောင်ဇေယျ မယှဉ်သာဘဲ ရှိနေသည်။ တတိယအချီတွင် တံတောင်ရိုက်ချက်ထိပြီး အောင်ဇေယျ နဖူးကွဲကာ ဆေးရှုံးသွားသည်။

ချုပ်ဒူးကြောင့်ရှုံး

ပွဲစဉ်(၁၆) စောဖွဲ့လေး(KLN)နှင့် ဖိုးစိုး(အလင်းရောင်)တို့ပွဲတွင် ဂျပန်ပြန် စောဖွဲ့လေး၏ လက်သီးပြင်းအားနှင့် အမြန်နှုန်းကို ဖိုးစိုး တောင့်မခံသာဘဲ ဆုတ်ကာကာနေရင်း ဒုတိယအချီ ၂ မိနစ်အကျော်တွင် ချုပ်ဒူးအသွင်းခံရကာ ရှုံးသွားရသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သောကြောင့် လာမည့် စနေ၊ တနင်္ဂနွေ (မေ ၁၃ ရက်နှင့် ၁၄ ရက်)တို့တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

လိုက်ဖလိုင်းဝိတ်တန်းတွင် နေစိုးအောင်(တောင်ကလေး)နှင့် နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)၊ စောသဲဝေ (တွံ့တေး) နှင့် မိုးသီး(မြန်မာပြည်သား)၊ ဖလိုင်းဝိတ်တန်းတွင် အောင်မြင့်စိန် (တွံ့တေး)နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)၊ ထစ်ချုန်း (KLN)နှင့် ဇာမဏီမင်း(မြွေဟောက်မင်း)၊ ဘင်တန်ဝိတ်တန်းတွင် သိုးကောင်း (မြန်မာပြည်သား)နှင့် ဒေါနအောင်(ကျွဲမင်း)၊ သားရွှေသွေး (တောင်ကလေး)နှင့် အသဲစွဲ(ဘီလပ်မြေစက်ရုံ)၊ ဖယ်သာဝိတ်တန်းတွင် ကျော်ဆန်း (KLN) နှင့် မိုက်ခဲ (ကျွဲမင်း)၊ ဘီလပ်မြေမောင်မောင် (ဘီလပ်မြေစက်ရုံ) နှင့် ဒေါနပန်း (ကျွဲမင်း)၊ လိုက်ဝိတ်တန်းတွင် စောသဲမျိုး(KLN) နှင့် စောလူမင်း (တောင်ကလေး)၊ ဟိန်းညီညီ(အလင်းရောင်)နှင့် ဝင်းထွန်း(လယ်/ဆည်)၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် စောဝီလျံသိန်း(မရမ်းကုန်း)နှင့် နဂါးလေး (မြွေဟောက်မင်း)၊ ကြယ်လင်းအောင် (တောင်ကလေး) နှင့် စောဖွဲ့လေး (KLN)၊ ဝယ်လ်တာဝိတ်တန်းတွင် ရန်ကြီးအောင်(အလင်းရောင်)နှင့် ထွန်းထွန်း(၉၀၇–ဒေါနခြေလှမ်းသစ်)၊ သူရရဲအောင်(မြန်မာပြည်သား)နှင့် တာတိုးဝါး(ဘီလပ်မြေစက်ရုံ)၊မစ်ဒယ်ဝိတ်တန်းတွင် စောသဲအေး(တွံ့တေး) နှင့် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)၊ စိန်သံမဏိ(အလင်းရောင်)နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး)တို့ ဗိုလ်လုပွဲတက်နိုင်ရေး ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ဝါသနာရှင်များ အကြိုက်တွေ့မည့်ပွဲများဖြစ်သည်။ (ကြေးမုံ)

တံခွန်စိုက်ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ဘင်တန်ဝိတ်တန်း (၅၄) ကီလိုတန်းတွင် သားရွှေသွေး (တောင်ကလေး)၏ ဘယ်ခြေကန်ချက်က ရွှေဖလား(KLN)ကို ထိမိသွားစဉ်။ ဓာတ်ပုံ–စိုးညွှန့် (ကြေးမုံ)

ဓမ္မသာကစ္ဆာ အဖွဲ့ချုပ် သြဝါဒခံယူပွဲကျင်းပ

ရန်ကုန် မေ ၇

ရွှေတိဂုံစေတီတော် (စနေထောင့်)၊ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁) ကြိမ်မြောက် သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကင်းမြို့နယ် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံတွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များ လျှောက်ထားပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၈–၅–၂၀၀၆

နေပြည်တော် မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

➤ ကင်မရာဆေးလုံးနည်းပညာမှ

ရောဂါစစ်တမ်း ထုတ်ရာတွင်လည်းကောင်း၊ ရောဂါအကဲဖြတ်ရာတွင်လည်းကောင်း အထောက်အကူရရှိမည်ဖြစ်သည်။

အလွန်သေးငယ်သည့် ကင်မရာပါရှိသော ဆေးတောင့်မှာ ဗီတာမင်ဆေးလုံး၏ အရွယ်အစားမျှသာရှိသည်။ ဆေးတောင့်အတွင်းရှိ ကင်မရာငယ်လေးသည် သေးငယ်သော အူသိမ်များအတွင်း ရွေ့လျားသွားလာနေစဉ် အတွင်းဓာတ်ပုံ ပုံရိပ်ပေါင်း ၅၀၀၀၀ခန့်အထိ ရိုက်ကူးပေးနိုင်ရန် နည်းပညာဖြင့် စီမံပြုလုပ်ထားသည်။

လူနာ၏ခန္ဓာကိုယ်တွင် ခါးပတ်သဖွယ် ပတ်ထားနိုင်သည့် ကိရိယာအတွင်း ဘက်ထရီနှင့် ပုံရိပ်ဖမ်းစက်တို့ပါရှိပြီး အူသိမ်များအတွင်း ရောက်ရှိနေသော ကင်မရာငယ်လေးက ရိုက်ကူးပေးပို့သည့် ပုံရိပ်များကို လက်ခံရယူနိုင်မည်ဖြစ်သည်။

ကင်မရာငယ်ပါရှိသောဆေးလုံးကို လူနာကမျိုချပြီးနောက် ရှစ်နာရီအကြာတွင် အူသိမ်အူမဆိုင်ရာပုံရိပ်များကို လက်ခံရရှိမည်ဖြစ်သည်။

ကင်မရာဆေးလုံး နည်းပညာအရ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဘယများကို ရှာဖွေဖော်ထုတ်ရာတွင် လူနာများ ပင်ပန်းမှုမရှိစေဘဲ သက်သောင့်သက်သာဖြင့် ရောဂါရှာဖွေမှုကို ခံယူနိုင်မည်ဖြစ်သည်။

အူသိမ်အူမများအတွင်း သွေးယိုစီးခြင်း၊ အစာအိမ်အနာခွက် (ပြည်တည်နာပေါက်ခြင်း)နှင့် အခြားသော ရောဂါဘယများကို အစာအိမ်အူလမ်းကြောင်းကြည့်မှန်ပြောင်း (Endoscope) ဖြင့် ရောဂါရှာဖွေရာတွင် အခက်အခဲများရှိတတ်ပေရာ ကင်မရာဆေးလုံးနည်းပညာဖြင့် ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်သည်။

အင်ဒိုစကုပ်ခေါ် အစာအိမ်အူလမ်းကြောင်းကြည့် မှန်ပြောင်းကို အသုံးပြုရာတွင် အကန့်အသတ်ဖြင့်သာလျှင် သုံးနိုင်သည်။

အူသိမ်အူမငယ်၏ ရှစ်ပေရှည်လျားသော အစိတ်အပိုင်းကိုသာလျှင် အင်ဒိုစကုပ်ဖြင့်ကြည့်နိုင်သော်လည်း ကင်မရာထည့်ထားသော ဆေးလုံးမှာမူ ၂၁ပေရှည်လျားသော အူသိမ်အူမတစ်ခုလုံးကို တစ်နံတစ်လျား ပိုက်စိပ်တိုက်လေ့လာနိုင်မည်ဖြစ်သည်။

ကင်မရာဆေးလုံးသည် ပုံရိပ်များကို ပေးပို့ပြီးနောက် အလိုအလျောက် ကြေပျက်သွားမည်ဖြစ်ပြီး ကြေပျက်သွားသော အရာဝတ္ထုပစ္စည်းကို ဝမ်းမှတစ်ဆင့် ပြင်ပသို့စွန့်ပစ်စေမည်ဖြစ်သည်။

ယခုအခါ ကင်မရာဆေးလုံးကိရိယာကို အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားတက္ကသိုလ် ဆေးရုံများတွင် စမ်းသပ်မှုများပြုလုပ်လျက်ရှိသည်။

အင်တာနက်။

ကင်မရာဆေးလုံးနည်းပညာဖြင့် စမ်းသပ်လေ့လာလျက်ရှိသော သုတေသီတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

❁ NLD မှ

လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၆၇ဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူးနှင့် NLD ပါတီမှ နုတ်ထွက်သူများအပါအဝင် စုစုပေါင်းအင်အား ၈၀ တက်ရောက်ကြပြီး ရွှေကူမြို့နယ် သဘော်အင်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးအတွင်းရေးမှူး ဦးညွန့်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ထို့နောက် NLD မှနုတ်ထွက်သူ ပါတီဝင် ၆၇ ဦးတို့၏ကိုယ်စား ရွှေကူမြို့ အမှတ်(၁) ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဥက္ကဋ္ဌဦးသာဌေးက NLD ပါတီမှ ၎င်းတို့နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားရာ၌ ၎င်းတို့အနေဖြင့် ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းလုပ်ဆောင်ရင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏အကျိုးကိုဖော်ဆောင်ရန်ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ရာတွင် NLD ၏ယနေ့လုပ်ရပ်များသည် ပြည်ပကိုသာမှီခိုအားထားနေပြီး ပြည်တွင်း၌ နိုင်ငံတော်အစိုးရ၏ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ထွန်းအောင်မြင်မှုများကို အဖျက်သဘောနှင့် အဆိုးမြင်ဝါဒဖြင့်သာရှုမြင်ကာ ဝေဖန်ပုတ်ခတ်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းလုပ်ဆောင်ရန် NLD (ဗဟို)၏ ညွှန်ကြားမှုလုံးဝမရှိသည့်အပြင် ပါတီဝင်များကလည်း ပါဝင်လုပ်ဆောင်မှုမရှိသဖြင့် ပြည်သူလူထုနှင့် ကင်းကွာလျက်ရှိကြောင်း၊ NLD ပါတီအတွင်း၌ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုရှိနေပြီး စိတ်ဝမ်းကွဲပြားမှု၊ ဂိုဏ်းဂဏကွဲပြားမှုနှင့် အချင်းချင်းပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ပိုမိုများပြားလာကာ NLD ၏ နိုင်ငံရေးရပ်တည်မှု အနေအထားမှာ မူလလမ်းကြောင်းမှ သွေဖည်လျက်ရှိနေကြောင်း၊ ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားအဖွဲ့များနှင့် NLD တို့၏ ဆက်စပ်ပတ်သက်မှုများကိုလည်း သိရှိလာရကြောင်း၊ NLD သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏အကျိုးကို မျက်ကွယ်ပြုပြီး မှားယွင်းသောလုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေခြင်းတို့ကြောင်း NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NLD မှနုတ်ထွက်သူ ပါတီဝင် ၆၇ ဦးကိုယ်စား ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးရဲမြင့် (အမှတ်–၂ရပ်ကွက်၊ရွှေကူမြို့)က နုတ်ထွက်လွှာများနှင့် NLD ပါတီတွင် ဆောင်ရွက်ခဲ့စဉ်ကအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်ပြီး မွန်းလွဲ ၂ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၆ ခုနှစ်၊ မေလ (၈)ရက်

World Red Cross Day

8th May, 2006

"Universal Assistance through volunteering"

"ကမ္ဘာအနှံ့ကူညီရေး၊ ကြက်ခြေနီက ဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ ဇွန် ၂၀ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည်

ရန်ကုန် မေ ၇

၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ညှိနှိုင်းအစည်းအဝေးကို မေ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြရန် လိုကြောင်း၊ အထူးရတနာ ရောင်းချပွဲကြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မြောက်အောင် ကျောက်မျက်ရတနာ ကုန်သည်ကြီးများအသင်း ဖွဲ့စည်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဇွန်၊ ဇူလိုင်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ၂၀၀၆ ခုနှစ် ဇွန် ၂၀ရက်မှ ဇူလိုင် ၄ရက်အထိ ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသရောင်းချရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများက အထူးရောင်းချပွဲ၌ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသီးသီး တင်ပြကြပြီး ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဗဟိုကော်မတီဝင်များနှင့် ရတနာကုန်သည်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီ နာယက၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (ငြိမ်း) ထံ အောင်ပွဲရ ရန်ကုန်တိုင်း လူငယ်အသင်း အုပ်ချုပ်သူ ဦးခင်မောင်လတ်က တံခွန်စိုက် ဆုဖလားအပ်နှံစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း လူငယ်ဘောလုံးအသင်းအား ဂုဏ်ပြု

ရန်ကုန် မေ ၇

၂၀၀၆ ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမ ချန်ပီယံ ဆုဖလားနှင့် အသန့်ရှင်းဆုံးဆုဖလားများ ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ ရန်ကုန်တိုင်း လူငယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီခွဲက ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၇) ရပ်ကွက်၊ လောပိတလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အမှတ် ၂၂၄/၂၂၅ ရှိ အောင်တံခွန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျင်းပရာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (ငြိမ်း)၊ ရန်ကုန်တိုင်း အားကစားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ ရန်ကုန်တိုင်း လူငယ်အသင်းမှ အုပ်ချုပ်သူ ဦးခင်မောင်လတ်၊ နည်းပြဆရာများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (ငြိမ်း)က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆက်လက်၍ ဥက္ကဋ္ဌထံ အောင်ပွဲရအသင်း အုပ်ချုပ်သူ ဦးခင်မောင်လတ်က တံခွန်စိုက် ဆုဖလားကိုလည်းကောင်း၊ နည်းပြဆရာ ဦးသောင်းတင်နှင့် ဦးရွှေဇင်တို့က အသန့်ရှင်းဆုံး ဆုဖလားကို လည်းကောင်း အသီးသီး အပ်နှံကြသည်။

၎င်းနောက် ရန်ကုန်တိုင်း ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌက အောင်ပွဲရ ရန်ကုန်တိုင်းအသင်းမှ အုပ်ချုပ်သူ၊ နည်းပြဆရာများနှင့် အားကစားသမားများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အုပ်ချုပ်သူ ဦးခင်မောင်လတ်က ကျေးဇူးတင်စကား ပြောကြားသည်။

ရန်ကုန်တိုင်းအသင်းသည် ယူ-၁၃ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲ၌ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

(ကြေးမုံ)

ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီး ပန္နက်တင်နှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဘောက်ထော် ပြည်သာယာလမ်းရှိ ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီး ပန္နက်တင်နှင့် အလှူငွေပေးအပ်ပွဲကို မေ ၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ တိပိဋကဓရ ရမ္မာဝတီ ဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလ၊ ဝိဇ္ဇောဒယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပီယနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီးကို တိပိဋကဓရ ရမ္မာဝတီ ဆရာတော်နှင့် ဝိဇ္ဇောဒယ ကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များ၊ အလှူရှင်များက ပန္နက်တင် မင်္ဂလာပြုကြသည်။

လှူဒါန်း

ထို့နောက် တိပိဋကဓရ ရမ္မာဝတီ ဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလထံမှ ဧည့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဦးကျော်ကျော်-ဒေါ်နန်းဟွမ်နန်း မိသားစုက ငွေကျပ် ၂၅၈၀၀၀၀၊ ဒေါက်တာတင်တင်လင်း မိသားစုက ငွေကျပ် ၁၀ သိန်း **(အောက်ပုံ)**၊ ဦးခင်မောင်-ဒေါ်အမ မိသားစုက ငွေကျပ် ခြောက်သိန်း၊ ဦးဆန်နီ-ဒေါက်တာ မြပွင့်အေး မိသားစုက ငွေကျပ်ငါးသိန်း၊ ဒေါက်တာဒေါ်ခင်ရီ-ရှိုင်းဟုပ် မိသားစု က ငွေကျပ် ငါးသိန်း၊ ဒေါ်လေးတင် မိသားစုက ငွေကျပ် ၄၅၀၀၀၀၊ ဦးဂလင်း-မသီရိခေတ် မိသားစုက ၄၄၄၄၄၄ ကျပ်၊ ဦးကျော်ကျော်လှိုင် - မကလျာတို့က ငွေကျပ် သုံးသိန်း၊ ဦးအောင်စံသိန်း - ဒေါ်တင်တင်မြတို့က ငွေကျပ် ၂၃၀၀၀၀၊ ဒေါ်နှင်းကြည် မိသားစု၊ ဒေါ်ရွှေ၊ ဦးဆန်းငွေ-ဒေါ်လှလှဝင်းရွှေ၊ ဦးအောင်စိုး-မခိုင်၊ သမီး ဆုမြတ်ရွှေရည်၊ ကိုမြင့်နိုင်ဦး - မဆွေဆွေသက်၊ ဒေါ်နုနုရည်မိသားစု၊ ကိုမောင်မောင်ဖြိုး-မခင်နီနီမြင့်တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် အလှူရှင် အသီးသီးက စုစုပေါင်း ၁၁၉၅၆၄၄၄ ကျပ်ကို ပေးအပ်လှူဒါန်းကြရာဦးကျော်ကျော်နှင့်ဦးဆန်နီတို့က လက်ခံကြသည်။ (က-ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်လက်မှတ်ပေးအပ်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက် ရွှေညောင်ပင်တောရ ပရိယတ္တိစာသင်တိုက်၌ ဒုတိယအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲနှင့် ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း၌ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အောင်လက်မှတ်ချီးမြှင့်သည့် အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၇နာရီတွင် စာသင်တိုက်အတွင်းရှိ ဓမ္မပါလကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရပ်ကွက်သံဃနာယကအဖွဲ့ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များနှင့် ကြီးကြပ်ရေးသင်တန်းမှူး ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

သင်တန်းတွင် သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၈ ဦးတို့အား သင်တန်းကြီးကြပ်ရေး ဆရာတော်များက ဆုချီးမြှင့်ပြီး ရိုးရိုးအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၃၁ဦးတို့အား ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

လှူဒါန်းမှု ကုသိုလ်အစုစုတို့အတွက် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒက ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူငယ်တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် လူသစ်တန်း၊ သက်ငယ်တန်း တံခွန်စိုက်ဂျူဒိုပြိုင်ပွဲနှင့် စခန်းသွင်းလူရွေးပြိုင်ပွဲများကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အမျိုးသား ၁၀တန်း၊ အမျိုးသမီး ၁၀ တန်းနှင့် လူရွေးပြိုင်ပွဲများတွင် (ခတ)ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်မည့်အသင်းများ အသေးစိတ်သိလိုပါက အတွင်းရေးမှူး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း ဦးဝိစာရလမ်း ရန်ကုန်မြို့ ဖုန်း-၃၈၀၇၇၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်တေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၂၃)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း-၃၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မီးသတ်တပ်ဖွဲ့နေ့ မွန်ပြည်နယ်၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၇

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှကြီးမှူး၍ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ဘက်စုံထူးချွန်ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဗဟိုအဆင့် စခန်းသာယာလှပရေးပထမဆုရရှိသော မော်လမြိုင်မြို့နယ် မီးသတ်စခန်း အမှတ်(၁)အား ဂုဏ်ပြုဒိုင်းဆုကို ချီးမြှင့်ပေးအပ်ရာ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး(တာဝန်) ခရိုင်ဦးစီးအရာရှိ ဦးအောင်ဆွေဝင်းက လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်(စစ်ဦးစီးဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးမျိုးအောင်ဌေးက ၂၀၀၅-၂၀၀၆ ခုနှစ် ဗဟိုအဆင့် ဆေးတပ်စုသင်တန်း အမှတ်စဉ်(၅/၂၀၀၅)၌ ဒုတိယဆုရရှိသော မော်လမြိုင်မြို့နယ် ဇေယျာသီရိရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ယုယုနွယ်အားလည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က ၂၀၀၅-၂၀၀၆ ခုနှစ် ဗဟိုအဆင့်အခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၃၂/၂၀၀၅) ၌ သေနတ်ပစ်ပထမဆုနှင့် ချေမှုန်းရေးတတိယဆုရ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးနေလင်းဦးအားလည်းကောင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော မွန်ပြည်နယ် မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးရုံးအားလည်းကောင်း ဂုဏ်ပြုလွှာများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုသောအားဖြင့် အသက်ကယ်စွမ်းရည်နှင့် မီးငြိမ်းသတ်ရေးစွမ်းရည်သရုပ်ပြသခြင်းများကို ပြသရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ကြည့်ရှုအားပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံလိုက်လံနှုတ်ဆက်ခဲ့သည်။

(၁၀၇)

တွေ့ဆုံနှုတ်ဆက်

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ဘက်စုံထူးချွန်ဆု ပေးအပ်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(၁၀၇)

ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်း စာအောင်သံဃာများ ချီးကျူးပူဇော်မည်

ရန်ကုန် မေ ၇

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တတေဇောဘာသ ဆရာတော်ကြီး ဦးဆောင်တော်မူလျက်ရှိသော ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ် တိပိဋကရေစာမေးပွဲတွင် အဘိဓမ္မာပိဋကကို အာဂုံဂုဏ်ထူးဖြင့်အောင်မြင်သဖြင့် ဝိသိဋ္ဌမူလအာဘိဓမ္မိကရေဘွဲ့ရရှိသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတောဝိဘင်္ဂရေဘွဲ့ရရှိတော်မူကြသော အရှင်နေမိန္ဒ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် ပဋ္ဌနိကာယသာသနာ့နုဂ္ဂဟအသင်း စာမေးပွဲကြီး၌ အသီးသီးအောင်မြင်ခဲ့ကြသော သံဃာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကို (ကဆုန်လပြည့်နေ့) မေ ၁၁ ရက် (ကြာသပတေးနေ့)၌ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်းရှိ ယင်းကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ကျောင်းတိုက်၌ လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များထံ၌လည်းကောင်း၊ ဖုန်း- ၅၆၄၄၅၅၊ ၅၆၄၄၅၆ သို့ လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်ကြည်ညို ပူဇော်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဓမ္မရောင်ခြည် သဲအင်းဂူ အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဏဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို မေ ၁၂ ရက်မှ ၁၈ ရက်ထိ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အခမဲ့အာဟာရဒါန ကျွေးမွေးမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ လှူဒါန်းနိုင်ပြီး တရားစခန်းဝင်ရောက်သူများ ကြိုတင်စာရင်းပေးသွင်းလျက် မေ ၁၁ ရက်အရောက် ကြွရောက်ကြပါရန်နှင့် ကျောင်းတိုက်အတွင်း ဓမ္မဗိမာန်တော်ကြီး တည်ဆောက်လျက်ရှိရာ ရပ်နီးရပ်ဝေးများမှ စေတနာရှင် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

အထွက်တိုးစပ်မျိုးစပါး ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် မေ ၇

KAMA-3,KAMA-4,KAMA-5 Super-hybrid နှင့် အထွက်တိုးစပ်မျိုးစပါးရိတ်သိမ်းပွဲအခမ်းအနားကို မေ ၅ ရက်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ၌ကျင်းပရာ **(အောက်ပုံ)** Yuan Longping Heigh Tech Agriculture Co, Ltd. အမှုဆောင်အရာရှိချုပ် Mr. Liu Guodong က စပ်မျိုးစပါးအကြောင်းကို လည်းကောင်း၊ Kama Longping Comမှ စိုက်ပျိုးရေးပညာရှင်ဦးကျော်မင်းက KAMA-3, KAMA-4, KAMA-5 စပ်မျိုးစပါးများ လက်တွေ့စိုက်ပျိုးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

၂၀၀၅-၂၀၀၆ခုနှစ် နွေစပါးစိုက်ပျိုးမှုကို လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအနီးရှိ စမ်းသပ်စိုက်ကွင်း၌ စိုက်ပျိုးခဲ့ရာ KAMA-3 စပ်မျိုးစပါးတစ်ဧကလျှင် ၁၇၂ တင်း၊ KAMA-4 စပ်မျိုးစပါးတစ်ဧကလျှင် ၁၄၈တင်း၊ KAMA-5 စပ်မျိုးစပါးတစ်ဧကလျှင် ၁၅၆တင်း ထွက်ရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဆက်လက်ဖြစ်ပေါ်နိုင်

၂၀၀၆ ခုနှစ် မေ ၇ ရက် မွန်းလွဲ ၂ နာရီထုတ်ပြန်ချက် ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီ အတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မန္တလေးမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မောင်တောမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၀ ဒသမ ၈၂ လက်မနှင့် စစ်ကိုင်းမြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၈ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်) **၆-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၇၃ ဒီဂရီဖာရင်ဟိုက်) **၇-၅-၂၀၀၆**

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း ၇-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၉ ဒသမ ၈ နာရီခန့် ၆-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၇-၅-၂၀၀၆	မရှိ	မရှိ	မရှိ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၅ .၈၇ လက်မ)၊	(၆ . ၆၅ လက်မ)	(၅ .၅၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၆-၅-၂၀၀၆ ရက် ၁၇း၀၀ နာရီအချိန်တွင် အနောက်မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကြက်ခြံများ၌ ပြန်လည်မွေးမြူရေးနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် မေ ၇

၂၀၀၆ ခုနှစ် မတ်လဆန်းမှစ၍ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သဖြင့် မြို့နယ် ၁၃မြို့နယ် အတွင်းရှိ ကြက်မွေးမြူရေးခြံ ၅၄၅ခြံမှ ကြက်ကောင်ရေ ၃ ဒသမ ၄ သိန်းနှင့် ငုံးကောင်ရေ ၃ဒသမ၂သိန်းကို ဖျက်ဆီးမြှုပ်နှံခဲ့သည်။ ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်ပျံ့နှံ့မှုကို ဧပြီ လဆန်းပိုင်းမှ စတင်ထိန်းချုပ်နိုင်ခဲ့သဖြင့် ရောဂါ ရပ်စဲခဲ့သည့်ကာလ တစ်လခန့်ကြာမြင့်ပြီဖြစ်ရာ အချို့ ကြက်မွေးမြူရေးခြံပိုင်ရှင်များမှ ရပ်နားထားခဲ့ရသည့် ကြက်၊ ငုံးခြံများကို ကြက်၊ ငုံးများ ပြန်လည်မွေးမြူရန် (Restocking) ဆန္ဒရှိကြသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူသူများသို့ အသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

အဆိုပါ အသိပေးနှိုးဆော်ချက်တွင်–

ပိုးသတ်ခြင်း

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်စဉ်ကာလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး အကြွင်းအကျန်များ မရှိစေရေးအတွက် ဖျက်ဆီးသုတ်သင်ခြင်းခံရသော ကြက်ခြံ၊ ငုံးခြံများအား အချိန်ဇယားသတ်မှတ်၍ ပိုးသတ်ဆေးဖျန်းလျက်ရှိကြောင်းနှင့် ဆက်လက်ပက်ဖျန်းရန် လိုအပ်နေသေးကြောင်း။

ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း/ကြက်ကျန်းမာရေးစိစစ်ထောက်လှမ်းခြင်း

ဖျက်ဆီးခံရသော ကြက်၊ ငုံးခြံများ၏ ပတ်ဝန်းကျင်နယ်နိမိတ်တစ်လျှောက် ကြက်၊ ငုံး မွေးမြူရေးခြံများရှိ ကြက်၊ ငုံးများထံမှ ရောဂါနမူနာရယူပြီး ကြက်ငှက်တုပ်ကွေးရောဂါပိုး လည်ပတ်ပျံ့နှံ့မှု ရှိ၊ မရှိ၊ ရောဂါပိုး အကြွင်းအကျန် ရှိ၊ မရှိကို ကွင်းဆင်းပုံမှန်လက္ခဏာ စစ်ဆေးခြင်း/ဓာတ်ခွဲခန်းစစ်ဆေးခြင်း၊ ရောဂါစူးစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ရောဂါပိုးများ မတွေ့ရှိရသော်လည်း ကြိမ်ရေတိုးမြှင့်၍ အခြားမွေးမြူရေးခြံများရှိ ကြက်၊ ငုံးများကိုလည်း ရောဂါစူးစမ်းစစ်ဆေးခြင်း၊ ကြက်ကျန်းမာရေး စိစစ်ထောက်လှမ်းခြင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ပြန်လည်မွေးမြူခြင်း

တစ်ကျော့ပြန် ရောဂါကျရောက်ဖြစ်ပွားလျှင် ထိခိုက်နစ်နာမှုများ ထပ်မံဖြစ်ပေါ်နိုင်သည်ကို ကာကွယ်သည့်အနေဖြင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်၏ တိရစ္ဆာန်ကျန်းမာရေးကို ဥပဒေအရလည်းကောင်း၊ FAO ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အကြံပြုချက်များအရလည်းကောင်း၊ ရောဂါဖြစ်နိုင်ငံများ အတွေ့အကြုံအပေါ် အခြေခံ၍လည်းကောင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၏ ရောဂါဖြစ်ဒေသအတွင်း ရောဂါထိန်းချုပ်ရပ်တန့်မှု ရရှိသည့်နေ့မှစ၍ အနည်းဆုံးနှစ်လကြာမျှ စောင့်ကြည့်စစ်ဆေး၍ စိတ်ချရမှသာ ကြက်၊ ငုံးများမွေးမြူရေးကို ပြန်လည်မွေးမြူရေး၊ မျိုးသားပေါက်များနှင့် တိရစ္ဆာန်အစာထောက်ပံ့ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ရောဂါကင်းရှင်းဒေသ

တစ်ဆက်တည်းမှာပင် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အား ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းဒေသအဖြစ် ကြေညာရန်နှင့်ပတ်သက်၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၏ တိရစ္ဆာန်ကျန်းမာရေးကို ဥပဒေနှင့်အညီ အနည်းဆုံး ခြောက်လ ရောဂါထပ်မံဖြစ်ပွားမှုမရှိဘဲ ရောဂါပိုးကင်းရှင်းမှသာ ရောဂါကင်းရှင်းနယ်မြေအဖြစ် လုပ်ထုံးလုပ်နည်းများအရ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်သို့ လျှောက်ထား၍ ရောဂါကင်းရှင်းဒေသအဖြစ် အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာကြက်တုပ်ကွေးရောဂါကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု

ယခုအခါ FAO ၏ အစီအစဉ်အရ ဩစတြေးလျနိုင်ငံမှ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ စစ်ဆေးရေး ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် ဗြိတိန်နိုင်ငံမှ ရောဂါပျံ့နှံ့မှု လေ့လာရေးကျွမ်းကျင်သူ ပညာရှင်တစ်ဦးတို့သည် ၆–၅–၂၀၀၆ နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နှစ်လတာမျှ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ အဆိုပါ ရောဂါထိန်းချုပ် မြို့နယ်များသို့ ကွင်းဆင်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ထိန်းချုပ်မှုနှင့် ကင်းရှင်းမှုအခြေအနေများကို လေ့လာဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း။

မွေးမြူသူပညာပေးလုပ်ငန်း
အန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် ဇီဝလုံခြုံမှုတိုးမြှင့်ခြင်း

ကြက်ခြံတည်ဆောက်မှုနှင့် ကြက်အသစ်မသွင်းမီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီး ဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအာဏာပိုင် ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ငယ်များဖြင့် ရောဂါအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ဇီဝလုံခြုံမှု တိုးမြှင့်ရေး မွေးမြူသူများသို့ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ FAO, UNICEF အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ICE စနစ် သတင်းဖြစ်ပွားမှု Information၊ ဆက်သွယ်မှု Communication ၊ ပညာပေး လုပ်ငန်းများ Education ဖော်ဆောင်မှု၊ KAP ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အသိပညာပေးအလေ့အကျင့် Knowledge Attitude Practice ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အထောက်အကူပြုဆက်သွယ်မှုစနစ်တည်ဆောက်ခြင်း

ဆက်သွယ်မှုဆိုင်ရာကွန်ရက် Communication Network ကို APHISA Animal Production and Health Information System in ASEAN Counties၊ သတင်းအချက်အလက်စနစ် WAHIS World Animal Health Information System, ARAHIS ASEAN Region Animal Health Information System များအပေါ် အခြေခံတည်ဆောက်ခြင်း။

တိရစ္ဆာန်ကျန်းမာရေးသတိ

သို့ဖြစ်ပါ၍ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဖျက်ဆီးသုတ်သင်ထားသည့် ကြက်၊ ငုံးမွေးမြူရေးခြံများကို ကြက်၊ ငုံး ပြန်လည်ဖြည့်ဆည်းမွေးမြူသည့် အစီအစဉ်အား ရောဂါကင်းရှင်းကြောင်း စိတ်ချရသည့်ကာလအထိ နောက်ထပ်အနည်းဆုံးနှစ်လခန့် စိစစ်ပြီးမှ ပြန်လည်မွေးမြူသွားရေး အစီအစဉ်လျာထားကြောင်း၊ ယင်းသို့ ပြန်လည်မွေးမြူသည့်အခါ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ထုတ်ပေးထားသည့် မျိုးကြက်၊ ငုံးခြံနှင့် ငုံးဥဖောက်စက်များမှ ထုတ်လုပ်သော ကြက်၊ ငုံးများကိုသာ မွေးမြူခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာန၌ မှတ်ပုံတင်ထားမှုမရှိခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်မရရှိထားသည့် မျိုးခြံများနှင့် တရားမဝင်တင်သွင်းသည့် ကြက်၊ ငုံးသားပေါက်များကို ဖြည့်ဆည်းထည့်သွင်းမွေးမြူခွင့်ပြုမည် မဟုတ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာစီးပွားဖြစ် မွေးမြူသူများထံသို့ အကြောင်းကြားထားကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

ပြည်ပအားကစားသတင်းများ

ဘာစီလိုနာက အက်စ်ပန်ညောအသင်းကို အနိုင်ရ စပိန်လာလီဂါဆုဖလားကို နှစ်နှစ်ဆက်တိုက်ရယူ

မဒရစ် မေ ၇

စပိန်ဘာစီလိုနာအသင်းသည် ၎င်း၏ မြို့ခံပြိုင်ဘက်အသင်းတစ်သင်းဖြစ်သော အက်စ်ပန်ညောအသင်းကို ဘာစီလိုနာမြို့ရှိ နယူးကမ့် အားကစားကွင်းတွင် စနေနေ့က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မိမိ၏ ပရိသတ်ရှေ့မှောက်တွင် လာလီဂါ ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရယူလိုက်သည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ ရောက်ရှိနေသော ဘာစီလိုနာအသင်းသည် ဗုဒ္ဓဟူးနေ့က ဆယ်လ်ဒီဗီဂိုအသင်းကို အနိုင်ရရှိခဲ့ပြီးဖြစ်သည်။

ပွဲချိန် မိနစ် ၂၀ တွင် အက်စ်ပန်ညော နောက်တန်းသမား ဒွန်နီယယ်ဂျက်က မိမိဂိုး မိမိသွင်းမိခဲ့ကာ ဒုတိယပိုင်းစတင်ပြီး မကြာမီမှာပင် ရိုနယ်လ်ဒင်ဟိုက ဘာစီလိုနာအသင်းအတွက် ဒုတိယအနိုင်ဂိုးသွင်းယူခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုအခါ ၈၂ မှတ်ရရှိထားပြီး ဒုတိယနေရာတွင်ရှိနေသော ရီးယလ်မက်ဒရစ်အသင်းထက် ၁၃ မှတ် အသာရထားသည်။

Kings Cup ဖလားရရှိသော အက်စ်ပန်ညောအသင်းမှာ ၃၈ မှတ်ဖြင့် အမှတ်စဉ် ၁၅ နေရာတွင်ရှိနေသည်။ ***အင်တာနက်။***

စပိန်လိဂ်ဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာအသင်းမှ ဂျူလီယာနို ဘယ်လက် (အလယ်လူ)**က အက်စ်ပန်ညောအသင်းမှ လိုပို** (ဝဲ)**နှင့် ဒန်နီယယ်ဂျက်တို့နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

မေ ၆ ရက်က အက်စ်ပန်ညောအသင်းကို အနိုင်ရရှိပြီးနောက် စပိန်ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဥက္ကဋ္ဌ ယေရှုမာရီယာဗီလာက ဘာစီလိုနာအသင်း၏ အသင်းခေါင်းဆောင် ချားလ်စ်လူယိုးလ်သို့ ချန်ပီယံဆုဖလားချီးမြှင့်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုခြေစမ်း မက္ကဆီကိုက ဗင်နီဇွဲလားအသင်းကို အနိုင်ရ

ပါဆာဒီးနား (ကာလီဖိုးနီးယား) မေ ၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မက္ကဆီကိုအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ပါဆာဒီးနားမြို့ရှိ ရို့စ်ဘောင်း အားကစားကွင်းတွင် သောကြာနေ့က ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကိုအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ကွင်းလယ်ကစားသမား အန်တိုနီယို နယ်လ်ဆင်ထံမှ ဖြတ်ပို့ပေးလိုက်သောဘောလုံးကို ဆွဲပြေးယူစဉ် အသင်းဖော်တိုက်စစ်မှူး ယေရှုအာရယ်လာနိုလဲကျခဲ့ရပြီးနောက် ပွဲချိန် ၅၈ မိနစ်တွင် ပြစ်ဒဏ်ဘောကန်သွင်းခွင့်ရရှိခဲ့ပြီး ဘရာဗို၏ ကန်သွင်းချက်ကို ဗင်နီဇွဲလားဂိုးသမား ရန်နီဗီဂါက ကာကွယ်နိုင်ခြင်းမရှိသဖြင့် တစ်လုံးတည်းသော အနိုင်ဂိုးကိုရရှိခဲ့သည်။

ဖီဖာ၏ အဆင့်သတ်မှတ်ချက်အရ နံပါတ် (၆)နေရာတွင်ရှိသော မက္ကဆီကိုအသင်းသည် အမေရိကတိုက်၌ ချစ်ကြည်ရေးခြေစမ်းပွဲငါးပွဲအနက် နောက်ဆုံးပွဲအဖြစ် ဗင်နီဇွဲလားအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းသည် နော်ဝေ၊ ဂါနာနှင့် ပါရာဂွေးအသင်းတို့နှင့် ခြေစမ်းကစားခဲ့ရာတွင် အနိုင်ရရှိခဲ့ပြီး တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်သည့် ခြေစမ်းပွဲတွင်သာ ရှုံးနိမ့်ခဲ့သည်။

မက္ကဆီကိုအသင်းသည် လာမည့်လတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မဝင်မီ နောက်ထပ် ချစ်ကြည်ရေးခြေစမ်းပွဲနှစ်ပွဲ ကစားဦးမည်ဖြစ်သည်။ ယင်းအသင်းသည် မေ ၁၂ ရက်တွင် မက္ကဆီကို စီးတီး၌ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံအသင်းနှင့် ခြေစမ်းပြီးနောက် ဟော်လန်သို့ ခရီးထွက်ခွာမည်ဖြစ်ပြီး မေ ၁၇ ရက်တွင် ပြင်သစ်နိုင်ငံအသင်းနှင့် ဆက်လက်ခြေစမ်းရန် စီစဉ်ထားသည်။ ***အင်တာနက်။***

ကမာရွတ်မြို့နယ်၌ ဂက်စ်မီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အောင်လှရိပ်သာလမ်း အမှတ်(၄၉) (အေ–၁)ရှိ အမျိုးသမီးဘော်ဒါဆောင်အပေါ်ထပ်၌ ယနေ့ည ၇ နာရီ ၃၈ မိနစ်ခန့်တွင် ဂက်စ်မီးဖိုမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၂ စီး အချိန်မီလာရောက်ငြိမ်းသတ်သဖြင့် ည ၈နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်အပေါ်ထပ်အပိုင်းတွင်သာ မီးလောင်ခံရပြီး အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့မှုကြောင့် အခြားသို့ မီးကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးကိစ္စရပ်များကို စီမံဆောင်ရွက်ပေးခဲ့ကြသည်။

မီးလောင်ကျွမ်းမှုကြောင့် လူအသေအပျောက်နှင့်ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်းသိရှိရသည်။

(သတင်းစဉ်)

တောင်တောရယ်သာစေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ပါရမီရှင် လူငယ်များနှင့် ဟော်လန်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အုပ်စုခွဲရာတွင် ဟော်လန်သည် အာဂျင်တီးနား၊ အိုင်ဗရီကို့(စ်)၊ ဆားဗီးယားနှင့် မွန်တီနီဂရိုးအသင်းများနှင့် တစ်အုပ်စုတည်းကျသည်။ ဟော်လန်မှ ဘောလုံးကဝိများ၊ ကျွမ်းကျင်သူများ၊ ကစားသမားများအားလုံးက အကျဉ်းအကျပ်အုပ်စုထဲသို့ ကျရောက်ခဲ့သည်ဟု တညီတညွတ်တည်း လက်ခံလိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ ဟော်လန်သည် ခြေစစ်ပွဲတစ်လျှောက် နှစ်ပွဲသာ သရေကျခဲ့ပြီး ကျန်ပွဲအားလုံး အနိုင်ရသည်။

"အကျဉ်းအကျပ်အုပ်စု မဟုတ်ပါဘူးဗျာ၊ ကစားရမှာလည်း သူတို့ထင်သလောက် တအားကြီး ကျပ်မယ် မထင်ပါဘူး။ စိတ်ဝင်စားစရာကောင်းတဲ့ အုပ်စုလို့ ပြောလို့ရပါတယ်" ဟု နည်းပြဆရာ မာကိုဗန်ဘတ်စတိန်းက ပြောသည်။

ဘတ်စတိန်း၏ အကြံပေးဖြစ်သူ ဂျိုဟန်ကလစ်(ဖ်) ကလည်း "ကျွန်တော်တို့ ဟော်လန်အသင်း ဒီအုပ်စုထဲကျသွားတာ ကောင်းတာပေါ့ဗျာ။ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲကနေကျွတ်သွားရင် ဒုတိယ ရှုံးထွက်အဆင့်မှာ ပေါ်တူဂီ ဒါမှမဟုတ် မက္ကဆီကိုနဲ့တွေ့မယ်။ အဲဒီကမှ တစ်ဆင့်ကွာတား၊ ဆီမီး၊ ဗိုလ်လုပွဲအထိ တက်သွားနိုင်တယ်လေ" ဟု ဆိုလိုက်သည်။

နယ်သာလန် (ဟော်လန်) အသင်းမှ တိုက်စစ်မှူး ရုဒ်ဗင်နစ္စတယ်လ်ရွိုင်း (နောက်ဘက်မှ)၏ ယှဉ်ပြိုင်ကစားဟန်။

နည်းပြဆရာ ဗန်ဘတ်စတိန်းသည် မထင်မှတ်သောကိစ္စများကို တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ဆောင် တတ်သည်။ ၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲ ပြီးသည်နောက် သူသည်အသင်းကို နည်းပြဆရာ ဒက်(ခ်) အတ်ဗိုကတ်ထံမှ လွှဲပြောင်းယူခဲ့သည်။ သူလက်ထဲရောက်သည်နှင့် တစ်ပြိုင်တည်း ဗန်ဘတ်စတိန်းသည် ဟော်လန်အသင်းကို ပရိသတ် သဘောကျသော အသင်းတစ်သင်းဖြစ်အောင် စတင်လုပ်ဆောင်တော့သည်။ သူ၏ အစီအစဉ်မှာ ပရိသတ်ကြိုက်သော အသင်းတစ်သင်းဖြစ်အောင် ဆောင်ရွက်ရေးဖြစ်သည်။ ထို့အပြင် ကစားသောပွဲကိုလည်း အသာစီးရအောင် ကစားစေခြင်းဖြစ်သည်။

ခြေစစ်ပွဲကာလတုန်းက ဗန်ဘတ်စတိန်းသည် စိုးရိမ်စရာကောင်းသော ကိစ္စကလေးများ လုပ်လိုက်သောကြောင့် ပရိသတ်များ တအံ့တဩ ဖြစ်သွားကြသည်။ ဥပမာ ထိပ်တန်းအဆင့်ပြိုင်ပွဲတွင် လေးပွဲလောက်သာ ကစားဖူးသေး သော အေဂျက်အသင်းမှ လူငယ်ကစားသမားလေး ဟက်(ဒ်)ဝတ်(ဂျ်)မာဒူယိုကို ခေါ်လိုက်သည့်ကိစ္စမျိုးဖြစ်သည်။ သို့သော် သူ၏ လုပ်ဆောင်ချက်များ မှန်ကန်သည်ဟု ပြော၍ရသည်။ ခြေစစ်ပွဲ ၁၂ ပွဲကစားရာတွင် တစ်ပွဲမှမရှုံးဘဲ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ချက်အသင်းကို ၅ မှတ်ပြတ်ပြီး အုပ်စုပထမရသည်။



နယ် သာ လန် (ဟော်လန်)အသင်း၏ တိုက်စစ်မှူး တစ်ဦး အဖြစ် ပါဝင် ကစားမည့် ရော်ဘင်ဗန်ပါစီ။

ဂမ်ဆိုင်း

ဟော်လန်အသင်း၏ လက်ရှိအနေအထားမှာ အင်အားတောင့်တင်းသည်ဟု ကောက်ချက်ဆွဲ၍ရသည်။ ပါရမီရှင် လူငယ်ကစားသမား လေး၊ ငါး၊ ခြောက်ဦးခန့်ရှိသည်။ တစ်ချက်ပဲ စိုးရိမ်စရာရှိသည်။ နိုင်ငံတကာ အတွေ့အကြုံ နည်းနေခြင်းဖြစ်သည်။ အသင်းမှ ကစားသမားအနည်းငယ်လောက်သာ အဓိကပြိုင်ပွဲကြီးများကို ကစားဖူးကြသည်။

လက်ရှိအသင်းမှာ လိုအပ်ချက်အချို့ရှိနေသည်။ နောက်တန်း ဗဟိုကစားသမားများသည် ရှေ့ကို တက်ဖိပြီး မကစားတတ်သေးဘဲ ဖြစ်နေသည်။ နောက်တစ်ခုက အလယ်တန်း ဗဟို ကစားသမားများကိစ္စဖြစ်သည်။ ဒဲန်နီလန်ဇက်(တ်)၊ ဖိလစ်ကိုကူး သို့မဟုတ် မာဒူလို စသည်တို့သည် ဘောလုံးကိုင်ပြီး လှုပ်ရှားကစားရမည့်အစား ခံစစ်ပိုင်းကိုသာ ပိုမိုအာရုံပြုလေ့ရှိသည်။

ရှေ့တန်းပြဿနာ

ရှေ့တန်းမှာလည်း ပြဿနာရှိသည်။ ဗန်ဘတ်စတိန်းက ၄-၃-၃ အထိုင်ချပြီး ကစားလိုသည်။ သို့သော် အာဂျန်ရော်ဘင် ဒဏ်ရာရနေသောကြောင့် တစ်ဖက်နောက်တန်းကို ဘေးမှမွှေနောက် ကစားမည့် ကစားသမားမရှိဘဲဖြစ်နေသည်။ ရော်ဘင်ကဲ့သို့သော ပါရမီရှင် ကစားသမား ဟော်လန် အသင်းမှာမရှိသောကြောင့် နည်းပြဆရာသည် ရှေ့တန်း ညာဘက်ခြမ်းတွင် တိုက်စစ်မှူးဒတ်(စ်)ကူအစ် (သို့မဟုတ်) ဘယ်သန်ဗန်ပါစီတို့ကို မကြာခဏ ထည့်သုံးနေရသည်။

ဟော်လန်အသင်း၏ ခြေစစ်ပွဲရလဒ်များနှင့် ကစားသမားစု ဖွဲ့မှုများအရ အကျဉ်းအကျပ်အုပ်တွင် ဒုတိယရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အလားအလာအကောင်းဆုံး ဖြစ်နေသည်။ မထင်မှတ်တာများ လုပ်ပြတတ်သော နည်းပြဆရာ ဗန်ဘတ်စတိန်း၏ အစွမ်းကြောင့် အာဂျင်တီးနားကို ဟော်လန် ဖြတ်ကျော်တက်သွားလေမလား စဉ်းစားစရာ ဖြစ်နေသည်။ ။

ရွှေတိဂုံစေတီတော် (၂၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော မဟာဗောဓိ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကြီးကို (၂၃)ကြိမ်မြောက်အဖြစ် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၁၁ ရက်) တွင် စေတီတော်ရင်ပြင် အင်္ဂါထောင့် ဗောဓိပင်၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ ရုံးဝန်ထမ်းများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိပင် ညောင်ပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်လည်း ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားသည်။ (သတင်းစဉ်)

ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ပုဇွန်တောင်မြို့နယ် (၅) ရပ်ကွက် စင်ကာပူကျောင်းတိုက်ကြီး၏ ပရိဝုဏ်အတွင်း မင်္ဂလာကန်တော်နှင့် ကပ်လျက်တည်ထားကိုးကွယ်လျက်ရှိသော မြတ်စွာဘုရားများနှင့် ဗောဓိညောင်ပင်အား ညောင်တန်းအိမ်ရာမိသားစုများ၏ စတုတ္ထအကြိမ်မြောက် ကဆုန် ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့် မေ ၁၁ ရက် ညနေ ၄ နာရီခွဲမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကုသိုလ်ယူနိုင်ကြသည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် အရှင်စန္ဒသိရီတရားပွဲ

ရန်ကုန် မေ ၇

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ ဓမ္မရောင်ခြည်၊ ဓမ္မဒါနလုပ်ငန်းနှင့် ကံမြင့် ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော တရားပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတ အောင်စကြာမိုးကုတ်ရိပ်သာမှ ပြည်တွင်း၊ ပြည်ပ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်စန္ဒသိရီ (ဓမ္မာစရိယ) အရှင်သူမြတ်က မေ ၁၀ရက်မှ ၁၄ရက်အထိ သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီတွင် တရားနာယူနိုင်သည်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၁၈)ဖြန့်ချိ

ရန်ကုန် မေ ၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈) ကျောင်းဖွင့်ချိန် အထူးကဏ္ဍတွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ချောင်းသာကမ်းခြေ လေပြင်းတိုက်ခတ်ခံခဲ့ရသော်လည်း ခရီးသွားလုပ်ငန်းများ ပုံမှန်ပြန်ဖြစ်၊ အခြေခံပညာ အထက်တန်းအဆင့် သင်ရိုးများပြောင်းလဲရန် အစီအစဉ်မရှိ၊ ဒဂုံမြို့သစ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုတရားခံများအား ၇၂ နာရီအတွင်း ဖမ်းဆီးရမိ၊ ကျောင်းဖွင့်ချိန်အတွက် ကျောင်းသားမိဘများနှင့် ကျောင်းသူ၊ ကျောင်းသားများ ကြိုတင်ပြင်ဆင်နိုင်ရန် ယင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စသည်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကလေးများ အဝလွန်ကပ်ရောဂါကြုံ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစားစရိုက်ဆိုးကို စစ်ကြောညာ၊ မျက်နှာအစားထိုး အမျိုးသမီးတွင် မျက်နှာသစ်အစစ်အမှန်ရပြီ၊ အင်တာနက်ပေါ်မှ ဈေးကွက်တင် ဂျက်တိုက်လေယာဉ်ကို အရပ်သားတစ်ဦးဝယ်ယူ၊ ကျောက်ပုစွန်အပေါ် ရက်စက်မှုဖြင့် အီတလီစားသောက်ဆိုင် ဒဏ်ရိုက်ခံရ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈၈ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က-ပ)

တောင်ကြီးတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၇

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒအထူးပြုဖြင့် ၁၉၉၃-၉၆ ပညာသင်နှစ်တွင် တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မေ ၂၇ ရက်(စနေနေ့)တွင် တောင်ကြီးတက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများပေးအပ်လှူဒါန်းလိုပါက ကိုသန်းဌွေးဝင်း ဖုန်း-၀၈၁-၂၉၄၈၉၊ မစန္ဒာဝင်းဖုန်း-၀၈၁-၂၁၀၁၁၊ ကိုသိန်းဇော်မြင့် ဖုန်း-၀၈၁-၂၄၀၂၄၊ ကိုစိုင်းစိုးညွန့် ဖုန်း-၀၈၁-၆၀၅၀၈၊ ကိုမင်းထွဋ်ဦး ဖုန်း-၀၈၁-၂၄၀၁၅နှင့် ကိုအောင်မြတ်စိုး ဖုန်း-၀၁-၅၀၃၆၀၉၊ ၀၁၅၃၆၁၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဒိုင်ကြီးကြပ် တာဝန်ထမ်းဆောင်ရန် ထွက်ခွာ

ရန်ကုန် မေ ၇

မလေးရှားနိုင်ငံ ကူချင်းမြို့တွင် မေ ၁၀ ရက်မှ ၂၁ ရက် အထိ ကျင်းပမည့် ၂၀၀၆ ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီး ကြီးကြပ်တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးထွန်းလှအောင် (ရေအားလျှပ်စစ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) **(ယာပုံ)** သည် ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (ကြေးမုံ)

ဘုရားအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် မေ ၇

ဗဟန်းမြို့နယ် ဧည့ဝတီသာသနာပြုကျောင်းတိုက် နှစ်ထပ်ဓမ္မာရုံသစ်တွင် ကိန်းဝပ်စံပယ်တော်မူမည့် မဟာမုနိရုပ်ပွားတော်မြတ်အား ဘုရား အနေကဇာတင်နှင့် ရေစက်ချ အလှူတော်မင်္ဂလာကို ကဆုန်လပြည့် (ကြာသပတေးနေ့) နံနက် ၇ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါရမီရှင်အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက် ချီးမြှင့်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အကောက်ခွန်မဲ့ပစ္စည်းထုပ်များ မော်လမြိုင် ဘူတာကြီးတွင် သိမ်းဆည်းရမိ

မော်လမြိုင် မေ ၄

အကောက်ခွန်မဲ့ပစ္စည်းများ ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ရေးအတွက် မော်လမြိုင် ဒိုင်းဝန်ကွင်း ရဲတပ်ဖွဲ့စခန်း ရဲအုပ်အောင်လွင်၊ မီးရထားရဲတပ်ဖွဲ့ တပ်ခွဲ (၈)ဒုရဲအုပ် အောင်မြင့်၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ မော်လမြိုင်မြို့ မြေနီကုန်းရပ် မော်လမြိုင်ဘူတာကြီးရှိ မော်လမြိုင်-ရန်ကုန်အစုန် (၈၂) လူစီးရထား၊ ကုန်ရထားတွဲကို မေ ၃ ရက် မွန်းလွဲ ၂ နာရီခွဲက ဖွင့်ဖောက်စစ်ဆေးရာ အကောက်ခွန်မဲ့ ပစ္စည်းအထုပ် ၃၄၃ထုပ်နှင့် ဘူတာပတ်ဝန်းကျင်တွင် အကောက်ခွန်မဲ့ အထုပ် ၁၅၀ ကျော်တို့ကို ဖမ်းဆီးရမိသည်။ ဖမ်းမိပစ္စည်းများတွင် ဆင်ကြယ်ဖိနပ်၊ အလှကုန်ပစ္စည်းများ၊ ဖောက်ဇာလိပ်များ၊ ကလေးအင်္ကျီများ၊ လျှပ်စစ်မီးချောင်း၊ စက်ဘီးတာယာများ စသည့်အကောက်ခွန်မဲ့ပစ္စည်းများပါဝင်ပြီး မော်လမြိုင်မြို့ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ (၂၅၇)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်မွေးနေ့ ဝိဇာတအလှူတော်မင်္ဂလာနှင့် ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းတော်ကြီး အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပါဠိတက္ကသိုလ် ညောင်တုန်းဆရာတော် မွေးနေ့အလှူတော်နှင့် ဆွမ်းစားကျောင်းတော်ကြီး အလှူငွေပေးအပ်ပွဲ ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည့်ရှု

ရန်ကုန် မေ ၇

နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်၏ သက်တော် (၈၇)နှစ်ပြည့် မွေးနေ့ ဝိဇာတအလှူတော်မင်္ဂလာနှင့် ဆောက်လုပ်ဆဲ အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ အဆိုပါကျောင်းတိုက် အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည့်ရှုပြီး အလှူတော်ငွေများကို လက်ခံသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ၏ နိုင်ငံရေးရပ်တည်မှုအနေအထား မူလလမ်းကြောင်းမှ သွေဖည်သွားပြီ ပြည်ပကိုသာမှီခိုအားထားပြီး ပြည်တွင်းတိုးတက်ဖြစ်ထွန်းမှုကို အဖျက်သဘောဖြင့် ရှုမြင်နေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန် NLD ဗဟိုမှ ညွှန်ကြားမှုလုံးဝမရှိ အကြမ်းဖက်အဖျက်သမား ပြည်ပြေးအုပ်စုများနှင့် ဆက်စပ်ပတ်သက်နေကြောင်းသိလာရ နိုင်ငံနှင့် ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး မှားယွင်းသောလုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးရဲမြင့်နှင့် ဦးအုန်းမြင့်တို့ အပါအဝင် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၇ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❁

တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ လိုက်ဝိတ်တန်း (၆၀) ကီလိုတန်းတွင် စောသဲမျိုး (KLN)နှင့် သမိန်ရာဇာ (မလှိုင်)တို့ အားချင်းပြိုင်သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကြရာ စောသဲမျိုးက ချုပ်သိုင်းပြီး ကိုင်ပေါက်နေစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရွှေခါးပတ်ချန်ပီယံဟောင်းဝင်းထွန်း ပထမအချီ၌ အလဲထိုးဖြင့်နိုင် ဂျပန်ပြန်စောဖွဲလေး ချုပ်ဒူးဖြင့် အနိုင်ယူ

သတင်း - ဇင်လင်းထွန်း (ခနဖြူ)



ရန်ကုန် မေ ၇

မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် ကိုယ်အလေးချိန် အတန်းလိုက် တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ ပထမနေ့ပွဲစဉ်များထက် ပရိသတ် ပိုမိုလာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင်ဝိတ်တန်းသုံးတန်းအတွက် ပွဲစဉ်ရှစ်ပွဲကျင်းပရာပွဲစဉ်(၉) ၅၄ ကီလို ဘင်တန်ဝိတ်တန်းတွင်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●

ကြေးမုံ The Mirror အင်တာနက်သတင်း

ကင်မရာဆေးလုံးနည်းပညာသစ် ပေါ်ထွန်းလာ အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါရှာဖွေရာတွင် အသုံးဝင်

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဘယများကို ရှာဖွေရာတွင် အထူးအသုံးဝင်မည့် ကင်မရာဆေးလုံးနှင့် ပုံရိပ်ဖမ်းစက်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စင်ကာပူ မေ ၇

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဘယများနှင့် ပတ်သက်၍ သမားတော်ကြီးများက ရောဂါရှာဖွေရာတွင် ထိရောက်မှုရှိစေမည့် နိဿရည်း တစ်ရပ်အဖြစ် ကင်မရာဆေးလုံး နည်းပညာ (Camera Pill Technology) ကို အောင်မြင်စွာ တီထွင် ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း မေ ၇ ရက် အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ကင်မရာဆေးလုံးနည်းပညာအရ ဆေးတောင့်တစ်လုံးအတွင်း ထည့်သွင်းထားသော အလွန်သေးငယ်လှသည့် ကင်မရာ၏ အကူအညီဖြင့် သေးငယ်သော အူသိမ်အူမများအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေကို သမားတော်ကြီးများက လေ့လာဆန်းစစ်ကာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➡